(အလွတ်သဘောဘာသာပြန်ဆိုချက်)

# အာဆီယံ စီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၂၅

## ၁။ နိဒါန်း

၁။ ၂၀၁၅ ခုနှစ် အာဆီယံ စီးပွားရေးအသိုက်အဝန်းပုံစံ အကောင်အထည်ဖော်ရာတွင် အကောက်ခွန်များပယ်ဖျက်ခြင်းနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း၊ ဝန်ဆောင်မှုကုန်သွယ်ရေး ဖြေလျှော့မှုအစီအစဉ် တိုးတက်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖြေလျှော့ခြင်းနှင့် လွယ်ကူချောမွေ့စေခြင်း၊ ငွေကြေးအရင်းအနှီး ဈေးကွက်ဆိုင်ရာ စည်းမျဉ်းမူဘောင်များနှင့် မူဝါဒများ လိုက်လျောညီထွေ ဖြစ်စေခြင်းနှင့် ထိရောက်မှုရှိခြင်း၊ ကျွမ်းကျင်လုပ်သားများရွှေ့ပြောင်းသွားလာမှုကို လွယ်ကူချောမွေ့ခြင်း၊ ယှဉ်ပြိုင်မှုမူဝါဒ၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် အသိဉာဏ် ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့် ပတ်သက်သည့် ဒေသတွင်းမူဘောင်များ ဖော်ထုတ်မှုတွင် တိုးတက်ခြင်း၊ ပေါင်းစည်းဆက်သွယ်မှု တိုးတက်ခြင်း၊ ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းခြင်းနှင့် အာဆီယံ၏ ဒေသပြင်ပဆက်သွယ်မှု ခိုင်မာခြင်းတို့ဖြင့် အောင်မြင်မှုများစွာ ရရှိခဲ့ပါသည်။

၂။ အာဆီယံ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုသည် စီးပွားရေးနှင့် ပြည်တွင်းပြည်ပ ဝန်းကျင်များနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြုပါသည်။ ထို့ကြောင့် အာဆီယံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၂၅ အတွက် လေ့လာမှု (၂) ခုကို စတင်ခဲ့ပါသည်။ အာဆီယံ စီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၂၅ သည် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသနဌာနအဖွဲ့နှင့် အက်စ်-ရာဂျာရက်နမ် အပြည်ပြည်ဆိုင်ရာ လေ့လာမှု ကျောင်းနှင့် အရှေ့တောင်အာရှလေ့လာမှုကျောင်းတို့၏ လေ့လာချက်များမှ ရရှိလာသည့် ထောက်ခံအကြံပြုချက်များနှင့် အခြားသော ပါဝင်ပတ်သက်နေသူအားလုံး၏ အကြံပြုချက်များအပေါ် အခြေခံ၍ ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ ဆောင်ရွက်ချက်များသည် ကွန်ယက်ချိတ်ဆက်နေသော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ ဆန်းသစ်တီထွင်သော၊ ပေါင်းစည်းမှုမြင့်မား၍ဦးဆောင်နိုင်စွမ်းရှိသော အာဆီယံ ဖြစ်ပေါ်လာရေးကို ဦးတည်သွားမည်ဖြစ်ပါသည်။

၃။ မျှော်မှန်းချက်အားလုံးသည် အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ ၂၀၁၅ နှင့် ဆက်စပ်လျက်ရှိပါသည်။ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ ၂၀၂၅ သည် အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ ၂၀၁၅ အပေါ် အခြေပြု၍ သွင်ပြင်လက္ခဏာ ၅ ခု ဖြင့် တည်ဆောက်ထားပါသည်။ အဆိုပါ သွင်ပြင်လက္ခဏာ (၅) ရပ်မှာ (က) ပေါင်းစည်းညီညွတ်မှု မြင့်မားသော စီးပွားရေးဒေသ (ခ) ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ ဆန်းသစ်တီထွင်သော၊ အရှိန်အဟုန်ဖြင့် တိုးတက်သော အာဆီယံဒေသ (ဂ) ပေါင်းစည်းဆက်သွယ်မှုနှင့် ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြင့်မားသော အာဆီယံဒေသ (ဃ) ကြံ့ကြံ့ခံနိုင်စွမ်းရှိသော၊ အားလုံးပူးပေါင်းပါဝင်သော၊ ပြည်သူ ဦးစားပေး၍ ပြည်သူဗဟိုပြုသော အာဆီယံဒေသ နှင့် (င) ကမ္ဘာ့လုံးဆိုင်ရာ အာဆီယံဒေသ ဖြစ်ပေါ်လာရေးဟူသော အချင်းချင်းဆက်နွယ်၍ အပြန်အလှန် အားပေးထောက်ခံလျက်ရှိသည့် သွင်ပြင်လက္ခဏာရပ်များပါဝင်ပါသည်။

၄။ အာဆီယံ စီးပွားရေး အသိုက်အဝန်းပုံစံ ၂၀၁၅ အောက်မှ ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းများကို ၂၀၁၆ ခုနှစ်အကုန်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးရေးသည် အရေးကြီး ဦးစားပေး ကိစ္စရပ်ဖြစ်ပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၁၅ အောက်မှ ၂၀၁၈ ခုနှစ်အထိ ဆောင်ရွက်ရန်ရှိမည့် ကမ္ဘောဒီးယား၊ လာအိုပြည်သူ့သမ္မတနိုင်ငံ၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ ကတိကဝတ်များသည် အာဆီယံ စီးပွားရေး အသိုက်အဝန်းပုံစံ ၂၀၂၅ အောက်တွင် ပါဝင်မည်ဖြစ်ပါသည်။

၅။ နောင်လာမည့် ဆယ်စုနှစ်အတွင်း အာဆီယံသည် ၎င်း၏ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ ကြိုးပမ်းချက်များတွင် အငယ်စား၊အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နှင့် တိုးမြှင့်ဆောင်ရွက်ရေးကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အာဆီယံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန်၊ အီလက်ထရောနစ် အခြေပြု စီးပွားရေးအခြေခံတစ်ခုအဖြစ် အထောက်အပံ့ပေးရန်၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှုများကို တိုးမြှင့်ပေးနိုင်ရန်၊ ပတ်ဝန်းကျင်စိမ်းလန်းမည့် နည်းပညာအသုံးပြုမှုများကို အထောက်အပံ့ပြုစေနိုင်ရန် ဒီဂျစ်တယ်နည်းပညာများ ပေါ်ထွက်လာစေရေးကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ အာဆီယံ စီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၂၅ တွင် အောက်ပါမျှော်မှန်းချက်များ ပါဝင်ပါသည် -

(က) ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေမည့် ၊ ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုများ၊ ဆိုးရွားမှုများ ရင်ဆိုင်ရသော်လည်း ကြံ့ကြံ့ခံနိုင်ပြီး ပေါင်းစည်းမှု နက်ရှိုင်း၍ ညီညွတ်မှု မြင့်မားသော အာဆီယံ စီးပွားရေးဒေသ တစ်ခု ဖန်တီးရန်၊

(ခ) အာဆီယံဒေသတွင်း ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းသော၊ ဆင်းရဲနွမ်းပါးမှု ပပျောက်သော၊ တစ်ဦးကျဝင်ငွေ တိုးတက်မှုနှုန်း မြင့်မား၍ ရေရှည်တည်တံ့သော ၊ အလယ်အလတ် ဝင်ငွေအဆင့် မြင့်တက်မှုကို ထိန်းထားနိုင်သည့် ပိုမို၍ သာတူညီမျှ ရှိပြီး အားလုံးပါဝင်သော စီးပွားရေးတိုးတက်မှုရှိသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်၊

(ဂ) ဆန်းသစ်တီထွင်ခြင်း၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု နှင့် ဒေသတွင်း နည်းပညာနှင့် အသိပညာ မြင့်မားသော ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများအဖြစ် တန်ဖိုးမြှင့် ပြောင်းလဲစေခြင်းအားဖြင့် အာဆီယံ၏ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေမည့် ဒေသတွင်း သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း တို့မှတစ်ဆင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေး မြှင့်တင် ဆောင်ရွက်ရန်၊

(ဃ) ပုဂ္ဂလိက ကဏ္ဍ၊ အသင်းအဖွဲ့ အခြေပြု အဖွဲ့အစည်းများနှင့် အခြားသော ပါဝင် ပတ်သက်နေသူများ အားလုံးနှင့် တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့်

ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ထင်သာမြင်သာရှိမှုနှင့် တာဝန်ခံမှုဆိုင်ရာ အခြေခံ စည်းမျဉ်းများကို မြှင့်တင်ရန်၊

(င) ငွေကြေးအရင်းအနှီးများ စီးဆင်းမှုနှင့် ကျွမ်းကျင်လုပ်သားနှင့် ကျွမ်းကျင်ပညာရှင်များ ရွှေ့ပြောင်းသွားလာမှုကို လွယ်ကူချောမွေ့စေမည့် အာဆီယံနှင့် ဒေသခွဲ ပူးပေါင်း ဆောင်ရွက်မှု စီမံချက်များမှတစ်ဆင့် အာဆီယံ၏ လူပုဂ္ဂိုလ်အချင်းချင်း၊ အဖွဲ့အစည်းများအချင်းချင်းနှင့် အခြေခံ အဆောက်အဦဆိုင်ရာ ပေါင်းစည်း ဆက်သွယ်မှုများ ကျယ်ပြန့်လာစေရန်၊

(စ) အစားအသောက်နှင့် စွမ်းအင်လုံခြုံမှုဆိုင်ရာ ကိစ္စများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စများ၊ စီးပွားရေးအကြပ်အတည်းများ၊ အခြားသော ကုန်သွယ်မှုဆိုင်ရာ ကိစ္စများနှင့် ကမ္ဘာ့ပြောင်းလဲမှုဖြစ်စဉ်များကို ဖြေရှင်းနိုင်မည့် နိုင်ငံအဆင့်နှင့် ဒေသအဆင့် နည်းလမ်းများဖြင့် တွေ့ကြုံရသော စိန်ခေါ်မှုများကို တုံ့ပြန်နိုင်၍ ညှိနှိုင်းနိုင်စွမ်းရှိသည့် အရှိန်အဟုန်ဖြင့် ကြံ့ကြံ့ခံနိုင်သော အာဆီယံဒေသဖြစ် ဖန်တီးရန်၊

(ဆ) ပတ်ဝန်းကျင်ထိခိုက်မှု နည်းစေသော နည်းပညာနှင့် စွမ်းအင် အသုံးပြုမှုကို အထောက်အကူဖြစ်စေမည့် သိပ္ပံအခြေပြု နည်းလမ်းများကို တိုးမြှင့်ဆောင်ရွက်နိုင်သော ရေရှည်တည်တံ့သည့် တိုးတက်မှု အစီအစဉ် တစ်ခုပါဝင်ရန်၊

(ဇ) စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို မြန်ဆန်စွာ ဖြေရှင်းနိုင်ရန် အငြင်းပွားမှု တိုးမြှင့်ဖြေရှင်းရေးဆိုင်ရာ အာဆီယံအခြေပြုစာချုပ်အား အသုံးပြုခြင်းနှင့် အခြားသော နည်းလမ်းများ ဖော်ထုတ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ဈ) အာဆီယံကို အရှေ့အာရှဒေသ၏ စီးပွားရေး ပေါင်းစည်းမှုအတွက် ပံ့ပိုးဆောင်ရွက်ပေးသည့် ဗဟိုဌာန တစ်ခုအနေဖြင့် ၎င်း၏ အရေးပါမှု အခန်းကဏ္ဍကို ထိန်းသိမ်းခြင်းဖြင့် ဒေသတွင်းစီးပွားရေးပုံဖော်ရာတွင် အာဆီယံ အချက်အချာကျမှုကို ရယူရန်၊

(ည) ကမ္ဘာ့စီးပွားရေး မျက်နှာစာတွင် အာဆီယံ၏ အခန်းကဏ္ဍနှင့် ပြောဆိုခွင့်ကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘုံရပ်တည်မှု အနေအထားတစ်ခုဖြင့် ဦးတည်ဆောင်ရွက်ရန်၊

## ၂။ အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၂၅ ၏ သွင်ပြင်လက္ခဏာရပ်နှင့် အချက်အလက်များ

## (က) ပေါင်းစည်းညီညွတ်မှုမြင့်မားသော စီးပွားရေးဒေသ

၇။ အဆိုပါ သွင်ပြင်လက္ခဏာရပ်၏ အဓိကရည်ရွယ်ချက်မှာ အာဆီယံ၏ ကုန်သွယ်မှုနှင့် ထုတ်လုပ်မှု ကွန်ယက်ကို တိုးတက်စေရန်နှင့် လုပ်ငန်းများနှင့် စားသုံးသူများအတွက် တစ်ခုတည်းသောဈေးကွက်ကို တည်ထောင်ပေးနိုင်ရန် အာဆီယံဒေသအတွင်းရှိ ကုန်စည်၊

ဝန်ဆောင်မှု ၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးအရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားများ ချောမွေ့စွာ စီးဆင်းစေခြင်းကို အထောက်အကူပြုစေရန်ဖြစ်ပါသည်။

၈။ ပေါင်းစည်းညီညွတ်မှုမြင့်မားသော အာဆီယံ စီးပွားရေးဒေသဖြစ်ပေါ်ရန် အတွက် အောက်ပါ အဓိကအချက်အလက်များပါဝင်ပါသည် -

## က-၁ ကုန်စည်ကုန်သွယ်ရေး

၉။ အာဆီယံ စီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၁၅ ပါ လုပ်ငန်းစဉ်များအကောင်အထည်ဖော်မှုအနေဖြင့် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အရ အကောက်ခွန် လျှော့ချမှုများနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့မှုများသည် ကုန်စည်များ လွတ်လပ်စွာ စီးဆင်းစေနိုင်ရေးအတွက် အဓိက ဆောင်ရွက်ချက်များဖြစ်ပါသည်။ အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၂၅ တွင် အာဆီယံသည် ဒေသတွင်း ကုန်စည်များ စီးဆင်းမှု ကို ချောမွေ့စေရေး၊ အကျိုးထိရောက်စေရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေသည့် နယ်စပ်ဒေသနှင့် နိုင်ငံတွင်းရှိ စည်းမျဉ်းစည်းကမ်း အတားအဆီးများကို လျှော့ချရန်နှင့် ဖယ်ရှားရန်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များတွင် အောက်ပါအချက်များ ပါဝင်ပါသည် -

(က) <u>အာဆီယံ ကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ်အား ပိုမိုခိုင်မာစေရေး</u>

အာဆီယံအပေါင်းတစ် လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ ပြန်လည်သုံးသပ်မှုများနှင့် ဒေသတွင်း ဘက်စုံစီပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ စေ့စပ်ညှိနှိုင်းများ ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံအချက်အချာကျမှုကို အကာအကွယ် ပေးသည့် ပြဌာန်းချက်များ ပိုမိုပါဝင်စေရန်၊ အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူ စာချုပ်၏ အသိပေးအကြောင်းကြားခြင်း လုပ်ငန်းစဉ်အား ပိုမိုခိုင်မာစေရန်၊ ဒေသတွင်း၌ ကုန်စည်များ လွတ်လပ်စွာစီးဆင်းစေမှုတွင် ကျန်ရှိနေသော အကောက်ခွန် အတားအဆီးများကို ဖယ်ရှားနိုင်ရန် ရည်ရွယ်ပြီး အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်၏ ကတိကဝတ်များအား သုံးသပ်ပြင်ဆင်သွားမည်ဖြစ်ပါသည်။

(ခ) <u>ပင်ရင်းနိုင်ငံစည်းမျဉ်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုခိုင်မာစေရေးနှင့် ရိုးရှင်းလွယ်ကူစေရေး</u>

ဒေသတွင်း ကုန်သွယ်မှု အကျိုးအမြတ်များ ရရှိစေရန် အထူးသဖြင့် အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ချဲ့ထွင်ခြင်း၊ တိုးမြှင့်ခြင်းနှင့် ယင်း၏ ဆက်နွယ်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာစေရန်အတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ရိုးရှင်းသော၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေစွာ အသုံးပြုနိုင်သော ၊ ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေသော ပင်ရင်းနိုင်ငံစည်းမျဉ်းများကို အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ သို့မှသာ ကုန်စည် သီးသန့်စည်းမျဉ်းအတွက် ဦးစားပေးကဏ္ဍများအပေါ်

စေ့စပ်ညှိနှိုင်းနိုင်၍ ပင်ရင်းနိုင်ငံဖြစ်ကြောင်း စံသတ်မှတ်ချက်များကို ဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။

(ဂ) <u>ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးလုပ်ငန်းအကောင်အထည်မှုများနက်ရှိုင်းလာစေရေး နှင့် အရှိန်မြှင့်ဆောင်ရွက်ရေး</u>

အာဆီယံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု လွယ်ချောမွေ့စေရေး သဘောတူစာချုပ်အား ၂၀၁၃ ခုနှစ်အတွင်း အပြီးသတ်နိုင်ရေး ညှိနှိုင်းမှုတွင် ဦးဆောင်ပါဝင်ခဲ့ပါသည်။ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်အား အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရုံသာမက နိုင်ငံများအကြား တူညီမှုရှိသည့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ဒေသတစ်ခုဖြစ်လာရန် နှင့် ကမ္ဘာ့ကောင်းမွန်သော နည်းစနစ်များနှင့် ပိုမိုနီးစပ်လာစေရန်အတွက် ရည်ရွယ်ခဲ့ပါသည်။ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုများအား မြန်ဆန်စေရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ကိုယ်စားလှယ်များ ပါဝင်သည့် အာဆီယံ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ပူးတွဲညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းထားပါသည်။

အဓိက လုပ်ငန်းဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည် -

(၁) အာဆီယံ စီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၁၅ အောက်တွင် ရှိသော လုပ်ငန်းများအား ပြီးစီးအောင် ဆောင်ရွက်ရန်၊

(၂) အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အားလုံးတွင် အမျိုးသားအဆင့် အာဆီယံ ပြတင်းတစ်ပေါက်စနစ် အပြည့်အဝ ထွက်ပေါ်လာခြင်းနှင့် အာဆီယံ ပြတင်းတစ်ပေါက်စနစ် စီမံချက်တွင် စာရွက်စာတမ်းများ နှင့် အဖွဲ့ဝင်နိုင်ငံများရှိ ပတ်သက်ဆက်နွယ်နေသူအားလုံးပါဝင်သဖြင့် ၎င်း၏နယ်ပယ်ကျယ်ပြန့်လာစေရန်၊

(၃) ဒေသတွင်း ပုဂ္ဂလိက ကဏ္ဍအတွက် စည်းမျဉ်းစည်းကမ်းများ ထင်သာမြင်သာရှိရေးနှင့် သေချာမှုရှိရေးကို တိုးမြှင့်ဆောင်ရွက်ရန် အာဆီယံနှင့် အမျိုးသား ကုန်သွယ်မှု သတင်းအချက်အလက်စုဆောင်းရာဌာနတို့အကြား ထိရောက်စွာ လုပ်ငန်း လည်ပတ်မှုတွင် ပူးပေါင်းဆောင်ရွက်ရန်၊

(၄) စီမံခန့်ခွဲမှုဆိုင်ရာ စည်းစနစ်များ၊ စာရွက်စာတမ်း လိုအပ်ချက်များနှင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများ အပါအဝင် သွင်းကုန်နှင့် ပို့ကုန် လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းလွယ်ကူမှုရှိစေရန်နှင့် လျင်မြန် ထိရောက်မှုရှိစေရေး ဆောင်ရွက်ရန်၊

(၅)လုပ်ပိုင်ခွင့်ရ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများ အစီအစဉ်နှင့် ကိုယ်ပိုင် ပင်ရင်းသက်သေခံ လက်မှတ်ထုတ်ပေးသည့် အစီအစဉ်ကဲ့သို့ အာဆီယံ၏ ဒေသတွင်း ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး အစပျိုးဆောင်ရွက်မှုများ နက်ရှိုင်းအောင် ဆောင်ရွက်ရန်၊

(၆)ဒေသတွင်း အကျိုးထိရောက်မှုရှိသော စွမ်းဆောင်ရည်ပြည့်ဝသော ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၏ လုပ်ငန်းစဉ်များ၊ အဖွဲ့အစည်းနှင့် အခြေခံအဆောက် အဦဆိုင်ရာ အခြေခံများ တိုးတက်ဆောင်ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနှင့် မိတ်ဖက်ဆောင်ရွက်မှုများ ခိုင်မာအောင် ဆောင်ရွက်ရန်၊

(၇)အကောက်ခွန်မဟုတ်သောအစီအမံများဖြေရှင်းဆောင်ရွက်ရာတွင် ကုန်ကျစရိတ် များ နှင့် ကုန်သွယ်မှု အကာအကွယ်ပေးခြင်းကို လျှော့ချခြင်း

အကောက်ခွန်မဟုတ်သော အစီအမံအများစုသည် ပတ်ဝန်းကျင်၊ ကျန်းမာ ရေးနှင့် ဘေးကင်းစေရေး၊ လုံခြုံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စည်းမျဉ်း များ ဖြစ်သော်လည်း ၎င်းတို့သည် ရည်ရွယ်ချက်ဖြင့် (သို့မဟုတ်) မရည်ရွယ်ဘဲ ကုန်သွယ်မှုကို သိသိသာသာ အဟန့်အတား ဖြစ်စေပါသည်။ အကောက်ခွန် မဟုတ်သော အစီအမံများ ဖြေရှင်းဆောင်ရွက်မှုတွင် (၁) အကောက်ခွန် မဟုတ် သော အတားအဆီးများကို အပြည့်အဝ ဖယ်ရှားစေမှုများကို တိုးမြှင့်ဆောင်ရွက် ခြင်း (၂) စံချိန်စံညွှန်းနှင့် ကိုက်ညီမှုဆိုင်ရာ လုပ်ငန်းများ ဥပမာ နည်းပညာ ဆိုင်ရာ စည်းမျဉ်းများ တူညီမှုရှိခြင်း၊ စံချိန်စံညွှန်းများ လိုက်လျောညီထွေမှုရှိ ခြင်း၊ အပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်များ၊ နိုင်ငံတကာစံများနှင့် ချိတ်ဆက်မှုရှိခြင်းနှင့် (၃) လုပ်ထုံးလုပ်နည်းများ လျှော့ချခြင်း၊ ပို့ကုန် သွင်းကုန် ဆိုင်ရာ လက်မှတ်၊ ပါမစ်နှင့် လိုင်စင်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်း လိုအပ် ချက်များကို လျှော့ချခြင်း၊

အာဆီယံ ဒေသတွင်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး စနစ်ကို တိုးတက်စေသည့် လုပ်ငန်းများတွင် အောက်ဖော်ပြပါကိစ္စများ ပါဝင်ပါသည်-

(က) သွင်းကုန်၊ ပို့ကုန်များတွင် ကိုတာနှင့်အခြားသောအရေအတွက် ကန့်သတ်ချက် ကဲ့သို့သော ကုန်သွယ်ရေးကာကွယ်မှုနှင့်ဆိုင်သော အကောက်ခွန် မဟုတ်သည့် စီမံဆောင်ရွက်မှုများတွင် ဥပဒေကြောင်းအရ ကန့်သတ်ခြင်း၊ တင်းကျပ်သည့် စံသတ်မှတ်ချက်များဖြင့် စည်းကြပ် ခြင်းများကို ဖော်ထုတ်ရန်၊

(ခ) ပြည်တွင်းစည်းမျဉ်းစည်းကမ်းများ၊ အလေ့အကျင့်များ အကောင် အထည်ဖော်ရာတွင် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်များကို ခိုင်မာစေခြင်းနှင့် ထိုနည်းလမ်းဖြင့် အကာက်ခွန်မဟုတ်သော

အစီအမံဆိုင်ရာ လိုအပ်ချက် များ အတွက် ကုန်ကျစရိတ်များကို လျှော့ချရန်၊

(ဂ) ပုဂ္ဂလိကကဏ္ဍအတွက် အကောက်ခွန်မဟုတ်သော အစီအမံ ဝန်ထုပ်ဝန်ပိုးများ လျှော့ချခြင်း၊ အဓိကလိုအပ်ချက်များသတ်မှတ်ခြင်း နှင့် စဉ်းစားသုံးသပ် ခြင်းတို့ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်းဆောင်ရွက်မှု ခိုင်မာ စေရန်၊

(ဃ) အကောက်ခွန်မဟုတ်သောစီမံဆောင်ရွက်မှုများကို အခြား နည်းလမ်းများ ဥပမာ-ကဏ္ဍအလိုက်နည်းလမ်း (သို့မဟုတ်) တန်ဖိုးကွင်းဆက် နည်းလမ်းများ ဖြင့် ဖြေရှင်းရန်၊

(၈)စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရေးကို ရှေးရှုသည့် လုပ်ငန်းစဉ်

ဤလုပ်ငန်းစဉ်တွင် စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာ စည်းမျဉ်းများ ကိုက်ညီမှုရှိစေရန် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ခြင်း၊ ကိုက်ညီမှုဆိုင်ရာ အကဲဖြတ်စွမ်းရည် တိုးတက်စေခြင်း၊ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုတို့အတွက် အကဲဖြတ်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတို့အပေါ်တွင် အမြင်ချင်းဖလှယ်မှုများ တိုးမြှင့်စေခြင်း စသည်တို့ ပါဝင်ပါသည်။ ထို့အပြင် ပို့ကုန်တင်ပို့ခြင်းကို လွယ်ကူချောမွေ့စေရန် ဒေသတွင်းနှင့် (သို့မဟုတ်) နိုင်ငံတကာ သဘောတူညီထားသော စံချိန်စံညွှန်းများအား အဆင့်မြှင့်တင်ပြီး အငယ်စား၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများကို အထောက်အပံ့ပြုရေး ဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်သည့် သဘောတူညီချက်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်ပါသည်။ သက်ဆိုင်သည့် အစီအမံများမှာ-

(က) အာဆီယံ စီးပွားရေး အသိုက်အဝန်းပုံစံ ၂၀၁၅ ရှိ ကနဦးလုပ်ငန်းများ ပြီးမြောက်စေရန် နှင့် နက်ရှိုင်းမှုရှိရန်၊

(ခ) ဒေသတွင်း ထိရောက်ကောင်းမွန်သော ကိုက်ညီမှုဆိုင်ရာ အကဲဖြတ်စနစ် အတွက် နည်းပညာ စွမ်းဆောင်ရည်နှင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံကို အဆင့်မြှင့်တင်ရန်အတွက် ဒေသအဆင့်နှင့် အမျိုးသားအဆင့် ကြိုးပမ်းမှုများ ဆောင်ရွက်ရန်၊

(ဂ) အဖွဲ့ဝင်နိုင်ငံများ၏ သီးခြားလိုအပ်ချက်များပေါ် မူတည်၍ ပွင့်လင်းမြင်သာ ရှိမှုနှင့် ဆက်သွယ်ရေးဆိုင်ရာ ထိရောက်သော အစီအမံများ ထားရှိရန်၊

(ဃ) ဦးစားပေးပေါင်းစည်းမှုကဏ္ဍများအပြင် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုဆိုင်ရာ ကဏ္ဍများပါဝင်ရေးကို တိုးချဲ့ဆောင်ရွက်ရန်၊

(င) စံချိန်စံညွှန်းနှင့် ကိုက်ညီမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ချမှတ်ခြင်းတို့အတွက် ကောင်းမွန်သောစီမံ အုပ်ချုပ်မှုနည်းစနစ်များ ခိုင်မာစေရန်၊

(စ) ဒေသတွင်းရှိ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုဆိုင်ရာစနစ်အား အဆင့်မြှင့်တင်ခြင်း၊ သုံးသပ်ခြင်း၊ စောင့်ကြပ်စစ်ဆေးခြင်းနှင့် ဒီဇိုင်းရေးဆွဲခြင်း ဆောင်ရွက် ရာတွင် ပုဂ္ဂလိက ကဏ္ဍ ပါဝင်မှုကို မြှင့်တင်ရန်နှင့် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန်၊

(ဆ) အာဆီယံ+၁ လွတ်လပ်သော ကုန်သွယ်မှုဒေသများ၏ ကုန်သွယ်မှုဆိုင်ရာ နည်းပညာ အဟန့်အတားနှင့် ပတ်သက်သည့် အခန်းကဏ္ဍများ အကောင် အထည်ဖော်ရာတွင် ဆွေးနွေးဘက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အနာဂတ်ကာလ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့်လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များအား ခိုင်မာစေရန်၊

## က-၂ ဝန်ဆောင်မှုကုန်သွယ်ရေး

၁၁။ အာဆီယံဒေသတွင်း၌ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ပေါင်းစည်းမှုများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုကဏ္ဍ (၂) ခုလုံးတွင် ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်ကို ထိရောက်မှုရှိစေမည့် အာဆီယံ ပေါင်းစည်းမှုများ ပိုမိုကျယ်ပြန့်နက်ရှိုင်းစေရန်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ အာဆီယံ၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်စေရန် ရည်ရွယ်ပါသည်။ ခိုင်မာသော ဝန်ဆောင်မှုကဏ္ဍတစ်ခုသည် စက်မှုဖွံ့ဖြိုးတိုးတက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု တို့ကို အထောက်အကူဖြစ်စေပါသည်။ နောက်ဆုံးရလဒ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှု အလားအလာကောင်းများ တိုးပွားခြင်းဖြစ်ပါသည်။

၁၂။ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ အာဆီယံမူဘောင် သဘောတူ စာချုပ်အောက်၌ စေ့စပ်ညှိနှိုင်းမှုအဆင့်ဆင့်ဖြင့် အာဆီယံသည် ဝန်ဆောင်မှုကုန်သွယ်ရေး နယ်ပယ်ကို ကျယ်ပြန့်လာစေရေး၊ ဝန်ဆောင်မှုကဏ္ဍများတွင် ဈေးကွက်ဝင်ရောက်မှုနှင့် နိုင်ငံသားကဲ့သို့ တန်းတူအခွင့်အရေးပေးမှုတို့၌ ကန့်သတ်ချက်များကို လျှော့ချရန် ဆက်လက်ဆောင်ရွက်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ဖြေလျှော့မှုများထက် ကျော်လွန်အောင် ဆောင်ရွက်မည် ဖြစ်ပါသည်။ နောက်ထပ် အစီအစဉ်တစ်ခုမှာ ဒေသတွင်း ဝန်ဆောင်မှုကဏ္ဍများ ပိုမိုပေါင်းစည်းမှုရှိရေးအတွက် ဥပဒေတစ်ရပ်အနေဖြင့် အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရန် အတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် ဖြစ်ပါသည်။

၁၃။ အာဆီယံ ဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်းဖြင့် ဝန်ဆောင်မှုကဏ္ဍကို ပိုမိုပေါင်းစည်းစေရန် ဆက်လက်ကြိုးပမ်းမှုများမှာ-

(က) လက်ရှိဖြေလျှော့မှုများ၊ ကန့်သတ်ချက်များ၊ သတ်မှတ်ချက်များနှင့် ချန်လှပ်ထားမှုများအပေါ် သင့်လျော်သလို ပြန်လည်သုံးသပ်ရန်၊

(ခ) ကမ္ဘာ့တန်ဖိုးမြင့်ပြောင်းလဲခြင်းလုပ်ငန်းများကို ပံ့ပိုးရန် နိုင်ငံခြားငွေပါဝင်မှုအချိုးအစားကို ကန့်သတ်မထားဘဲ ဝန်ဆောင်မှုကဏ္ဍများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုကို စွဲဆောင်နိုင်မည့် ယန္တရားများ တိုးတက်အောင် ဆောင်ရွက်ရန်၊

(ဂ) ဝန်ဆောင်မှုကဏ္ဍအား ထပ်မံဖြေလျှော့ခြင်းအတွက် အခြားသော နည်းလမ်းများကို ဖော်ထုတ်ရန်၊

(ဃ) အခြား စီးပွားရေးနှင့်မဆိုင်သော (သို့မဟုတ်) ဖွံ့ဖြိုးတိုးတက်မှု (သို့မဟုတ်) စည်းစနစ်ဆိုင်ရာ ရည်ရွယ်ချက်များကို ထည့်သွင်းစဉ်းစားလျက် ဝန်ဆောင်မှုကဏ္ဍယှဉ်ပြိုင်နိုင်မှုမြင့်မားစေရန် ပြည်တွင်းစည်းမျဉ်းများအပေါ် ဖြစ်နိုင်ချေရှိမည့် စည်းကမ်းများ ချမှတ်ဆောင်ရွက်ရန်၊

(င) နောက်ဆက်တွဲကဏ္ဍများ တိုးတက်ရေးကို ထည့်သွင်းစဉ်းစားရန်နှင့်

(စ) ဝန်ဆောင်မှုကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် ပူးတွဲမြှင့်တင်ရေးဆောင်ရွက်ချက်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများနှင့် အကောင်းဆုံး နည်းစနစ်များ ဖလှယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ရန် တို့ဖြစ်ပါသည်။

## က-၃ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်

၁၄။ အာဆီယံသည် ဒေသတွင်းတွင် လွတ်လပ်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ကြိုတင်ခန့်မှန်းနိုင်သော ရင်းနှီးမြှုပ်နှံမှုဒေသ ထူထောင်ခြင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတိုးတက်သည့် ဒေသတစ်ခုအဖြစ် ပိုမိုဆွဲဆောင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို အကောင်အထည် ဖော်ခြင်းဖြင့် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် တိုးတက်မှုများ ရရှိစေရန် ဖြစ်ပါသည်။ ယင်းသဘောတူစာချုပ်သည် (က) ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တော၊ သတ္တုတွင်း စသည့် ကဏ္ဍများနှင့် ဆက်စပ်နေသော ဝန်ဆောင်မှု လုပ်ငန်းများတွင် လက်ရှိရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များကို အဆင့်ဆင့် ဖြေလျှော့ပေးခြင်း၊ (ခ) ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးခြင်းအား ပိုမိုခိုင်မာစေခြင်းနှင့် (ဂ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်ချက်များကို ပွင့်လင်းမြင်သာမှု ရှိစေခြင်းတို့ ရရှိစေရန်ဖြစ်ပါသည်။

၁၅။ မဟာဗျူဟာမြောက်သည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် အတားအဆီးများကို ဖယ်ရှား၍ ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း အပါအဝင် အာဆီယံ

ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ လုပ်ငန်းအစီအစဉ်များကို ပြီးမြောက်အောင် ဆောင်ရွက်ရန်၊

(ခ) အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်၏ ဖယ်ထားစာရင်းကို ပယ်ဖျက်ခြင်း (သို့မဟုတ်) လျှော့ချရန်အတွက် သင့်လျော်သော နည်းလမ်းများ သတ်မှတ်ရန်၊

(ဂ) ရင်းနှီးမြှုပ်နှံမှု သုံးသပ်ရေး ယန္တရားဆိုင်ရာ ကော်မတီကို လိုအပ်ပါက တိုးမြှင့်၍ ဆက်လက်တာဝန်ယူဆောင်ရွက်ရန်၊

(ဃ) အာဆီယံကို ရင်းနှီးမြှုပ်နှံမှုဒေသအဖြစ် မြှင့်တင်ဆောင်ရွက်သကဲ့သို့ အာဆီယံ ဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကိုလည်း ပူးတွဲ၍ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်၊

## က-၄ ငွေကြေးပေါင်းစည်းမှု၊ ငွေကြေးကဏ္ဍတွင် အားလုံး ပါဝင်မှုနှင့် ငွေကြေးတည်ငြိမ်မှု

၁၆။ ငွေကြေးကဏ္ဍတွင် အားလုံးပါဝင်မှုနှင့် ငွေကြေးတည်ငြိမ်မှုတို့သည် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှု၏ အဓိကပန်းတိုင်တစ်ခုဖြစ်စေရန် လိုအပ်ပါသည်။ ငွေကြေးကဏ္ဍ ပေါင်းစည်းရေးမျှော်မှန်းချက် ၂၀၂၅ တွင် မဟာဗျူဟာ ရည်မှန်းချက် (၃) ရပ်ဖြစ်သည့် ငွေကြေးပေါင်းစည်းမှု၊ ငွေကြေးကဏ္ဍတွင် အားလုံးပါဝင်မှု ၊ ငွေကြေးတည်ငြိမ်မှုနှင့် အချင်းချင်းဆက်စပ်နေသော နယ်ပယ် (၃) ခု (မတည်ငွေစာရင်းကို ဖြေလျှော့ပေးခြင်း၊ ငွေပေးချေမှုစနစ်၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း) တို့ ၂၀၂၅ တွင် အကျုံးဝင်ပါသည်။

၁၇။ မဟာဗျူဟာမြောက်သည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အာဆီယံဒေသခံဘဏ်များ၏ အခန်းကဏ္ဍကို တိုးမြှင့်စေခြင်း၊ အာမခံဈေးကွက်များ ပိုမိုပေါင်းစည်းခြင်းနှင့် အရင်းအနှီး ဈေးကွက်များ ပိုမိုချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့စေရန်အတွက် ငွေကြေးပေါင်းစည်းမှုကို ခိုင်မာစေရန် ဖြစ်ပါသည်။ ယင်းတို့ကို လုံခြုံမှုရှိသော၊ စရိတ်သက်သာမှုရှိသော၊ ပိုမိုချိတ်ဆက်မှုရှိသော ငွေကြေးဈေးကွက် အခြေခံအဆောက်အအုံ ခိုင်မာမှုက အထောက်အကူပြုရန် ဖြစ်ပါသည်။ ကုန်ကျစရိတ် အနည်းဆုံးသို့ လျှော့ချနိုင်မည့် စည်းစနစ်များနှင့် လိုအပ်ချက်များကို ဆင်ခြင်သုံးသပ်၍ ငွေကြေးကဏ္ဍ ဖြေလျှော့မှုများကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ အဓိကလုပ်ငန်းများမှာ အောက်ပါတို့ဖြစ်ပါသည်။

(၁) ဒေသတွင်းနှင့် ဆွေးနွေးဖက် နိုင်ငံများအကြား ငွေကြေးဈေးကွက်များကို ချိတ်ဆက်နိုင်မည့် စင်္ကြံတစ်ခုဖြစ်လာစေရန် အာဆီယံ ဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူစာချုပ်မှတစ်ဆင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍကို ဖြေလျှော့ပေးရန် ထပ်မံကတိကဝတ်ပြုရန်၊

(၂) အာဆီယံဒေသတွင်း ဈေးကွက်ဝင်ရောက်နိုင်မှု၊ လုပ်ငန်းလည်ပတ်မှုအတွက် ဖြေလျှော့ရာတွင် ကွာဟချက်များကို လျှော့ချနိုင်ရန် တစ်နိုင်ငံချင်းစီ၏ အဆင့်သင့် ဖြစ်မှုအနေအထားနှင့် အပေးအယူ ပြုနိုင်မှုအပေါ် အခြေခံ၍ အာဆီယံ ဘဏ်စနစ် ပေါင်းစည်းမှုဆိုင်ရာ မူဘောင်မှတစ်ဆင့် အရည်အသွေး ပြည့်မီသော အာဆီယံဘဏ်များအတွက် ဈေးကွက်ဝင်ရောက်နိုင်မှုနှင့် လုပ်ငန်း လည်ပတ်မှုဆိုင်ရာ ဖြေလျှော့မှုကို ပိုမိုဆောင်ရွက်ရန်၊

(၃) ကြီးမားသည့် စွန့်စားမှုများတွင် ကြီးမားသည့် ကွဲပြားချက်များ၊ နက်ရှိုင်းသော အာမခံမှု စွမ်းရည်၊ တိုးတက်ခိုင်မာသည့် အာမခံကဏ္ဍ ကြီးကြပ်မှုနှင့် စည်းမျဉ်း မူဘောင်တို့နှင့်အတူ အာဆီယံ အာမခံမှု ပေါင်းစည်းရေး မူဘောင် ဖြင့် အာမခံ ဈေးကွက်များသို့ ပိုမိုထိုးဖောက်နိုင်မှု တိုးမြှင့်ရန်၊

(၄) ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးအတွက် ငွေပေးချေမှု စနစ်နှင့် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ ချိတ်ဆက်မှုများ တိုးတက်လာစေ ရန်၊ အရင်းအနှီးဈေးကွက်များကို နက်ရှိုင်းစွာ ချိတ်ဆက်ဆောင်ရွက်ရန်၊ အာဆီယံ အရင်းအနှီးဈေးကွက် အခြေခံအဆောက်အအုံပုံစံ (ASEAN Capital Market Infrastructure Blueprint) နှင့်အညီ ထိရောက်သည့် နယ်စပ်ဖြတ်ကျော် အာဆီယံအရင်းအနှီးဈေးကွက်များအတွက် ရင်းနှီး မြှုပ်နှံသူများ နှင့် အာမခံသူများကိုခွင့်ပြုရန်၊ အဆိုပါ ဆက်သွယ် ပေါင်းစည်းမှု အကျိုးကျေးဇူးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံ အားလုံးမှ ခွဲဝေရရှိရန်၊

(၅) အာမခံမှုရှိပြီး ခိုင်မာသော ငွေချေးစာချုပ်ဈေးကွက် ပေါ်ပေါက်လာစေရေး နှင့် ဘဏ်စနစ်မှ စွန့်စားမှုများကို ခွဲခြားနိုင်မည့် ငွေကြေးလက်မှတ်များ ပေါ်ပေါက်လာစေရေးကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ငွေစုသူများအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုရရှိရန်၊

(ခ) အငယ်စား၊ အလတ်စား၊ အသေးစား စီးပွားရေးလုပ်ငန်းများ အပါအဝင် ငွေကြေး ဆိုင်ရာ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကို ပိုမို ကျယ်ပြန့်သော အသိုက်အဝန်း အဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးကဏ္ဍတွင် အားလုံးပါဝင်မှုကို တိုးမြှင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဒေသတွင်းတွင် မညီမျှသော ဒစ်ဂျစ်တယ် ကွာဟချက် ကို ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် အချို့သောနိုင်ငံများတွင် အသက်ကြီးသည့် လူ့အဖွဲ့အစည်းများ များပြားလာသည့်အတွက် လူဦးရေအသွင်သဏ္ဌာန် ပြောင်းလဲမှု ကို တုံ့ပြန်နိုင်မည့် ကနဦးလုပ်ငန်းများလည်း ပါဝင်ပါသည်။ အဓိက လုပ်ငန်းများမှာ အောက်ပါတို့ဖြစ်ပါသည် -

(၁) အာဆီယံနိုင်ငံများအတွင်း လုပ်ငန်းအဖွဲ့များအကြား အချင်းချင်း ပူးပေါင်း ဆောင်ရွက်ခြင်း အပါအဝင် အငယ်စား၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ အကျိုးဖြစ်ထွန်းစေမည့် ဒေသတွင်း ငွေကြေးစနစ်ကို တိုးမြှင့်

ဆောင်ရွက်ရန် ဖြစ်ပါသည်။ အစပျိုးဆောင်ရွက်မည့် လုပ်ငန်းများတွင် ငွေကြေးရရှိမှုကို တိုးတက်ရေးအတွက် အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းကိုပံ့ပိုးပေးနိုင်မည့်ငွေချေးဌာနများ ထူထောင်ရန်၊ အပေါင်ခံပစ္စည်း မပါဝင်သည့် အငယ်စား၊ အသေးစား နှင့် အလတ်စား လုပ်ငန်း များ၏ ငွေချေးမှု တိုးတက်စေရန် ထောက်ပံ့မည့် ချေးငွေအာမခံ အဖွဲ့အစည်းများ တည်ထောင်ရန်၊ အငယ်စား၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ငွေကြေး အထောက်အပံ့ဖြစ်စေနိုင်မည့် သင့်လျော်သည့် နည်းလမ်းများ ဆောင်ရွက်ခြင်း၊ အလားအလာကောင်းသော အငယ်စား အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ ငွေကြေးအခက်အခဲများကို ကူညီပေးမည့် ကြွေးမြီဖြေရှင်းရေး အေဂျင်စီများ ထူထောင်ရန်

(၂) ငွေကြေးရရှိမှုနှင့် ငွေကြေးဆိုင်ရာ တတ်ကျွမ်းမှု နယ်ပယ်ကို ချဲ့ထွင်ရန်၊ ဝင်ငွေနည်းပါးသည့်အုပ်စုများနှင့် အသေးစားလုပ်ငန်းများအတွက် ကုန်ကျစရိတ် သက်သာစေမည့် နည်းလမ်းများဖြစ်သည့် ဒစ်ဂျစ်တယ် စနစ်ဖြင့် ငွေပေးချေမှု ဝန်ဆောင်မှု လုပ်ငန်းများကဲ့သို့ ကြားခံနှင့် ငွေကြေးဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းများ တိုးချဲ့ရန်၊ အာဆီယံဒေသတွင်း အကောင်းဆုံး သော အလေ့အကျင့်များ ရရှိရန်၊ သတင်းအချက်အလက်များဖလှယ်ရန် နှင့် ပူးပေါင်းဆောင်ရွက်မှုများခိုင်မာရေးအတွက် ဆွေးနွေးမှုကဏ္ဍများ တိုးချဲ့ရန်၊

(၃) ငွေကြေးစီမံခန့်ခွဲမှု စွမ်းရည်ကို အထောက်အကူဖြစ်စေမည့် ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရန် တွန်းအားပေးမည့် ငွေကြေးဆိုင်ရာ ပညာပေး အစီအစဉ်များ အကောင်အထည်ဖော်ရန်၊ ယင်းသို့ အကောင်အထည်ဖော်ရာတွင် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မှုကို တွန်းအားပေးရန် ဝန်ဆောင်မှု ယူသူများအား အကာအကွယ်ပေးရေး နည်းလမ်း ဆိုင်ရာ အသိပညာပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်

(၄) မိုဘိုင်းလ်နည်းပညာနှင့် အသေးစားအာမခံလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ၏ ကုန်ကျစရိတ်ကို လျှော့ချရန်၊ ငွေကြေးရရှိနိုင်မှုများ မြှင့်တက်လာစေရန် ဖြန့်ဖြူးမှုလမ်းကြောင်းများ တိုးချဲ့ရန်၊

(ဂ) ဒေသတွင်းအခြေခံအဆောက်အဦများ အစဉ်တိုးတက်ခိုင်မာမှုရှိစေရန်၊ အထူးသဖြင့် ဒေသတွင်း အကြပ်အတည်းများ ဖြစ်ပေါ်နေစဉ်အတွင်း ငွေကြေးတည်ငြိမ်မှု ရှိစေရန် ဖြစ်ပါသည်။ အဓိက လုပ်ငန်းများမှာ အောက်ပါ တို့ဖြစ်ကြပါသည်-

(၁) ငွေကြေးစနစ်အတွက် စွန်းစားမှုများနှင့် ထိခိုက်လွယ်မှုများကို သတ်မှတ်ခြင်းနှင့် မက်ခရို စီးပွားရေး အချက်အလက်များကို ဘဏ္ဍာရေး နှင့် ငွေကြေးဆိုင်ရာ တာဝန်ရှိသူများအကြား ဖလှယ်ခြင်းအား အရှိန်မြှင့်တင် ဆောင်ရွက်ခြင်းမှ တစ်ဆင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် မက်ခရို စီးပွားရေးနှင့်

ငွေကြေးဆိုင်ရာစောင့်ကြည့်လေ့လာမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ငွေကြေး တည်ငြိမ်မှု ဘုတ်အဖွဲ့မှတစ်ဆင့်ဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက် ဆောင်ရွက်ရန်၊

(၂) အကြပ်အတည်းကာလနှင့် ပုံမှန်စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချိန်တို့ အတွင်း တက်ကြွစွာတုံ့ပြန်ဖြေရှင်းနိုင်မည့် ဒေသဆိုင်ရာဘဏ်များ ပေါ်ပေါက်လာစေ ရေးနှင့်အတူ အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ် အကောင်အထည် ဖော် ဆောင်ရွက်မှုနှင့် ဆက်စပ်ပြီး နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊ မကြာမီကာလတွင် မက်ခရို အနီးကပ်စောင့်ကြည့် လေ့လာမှုနှင့် ကြီးကြပ်မှုတို့အတွက် ဒေသ ဆိုင်ရာနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုစကြီမ်များအားအဓိကအခန်းကဏ္ဍ တစ်ခုအနေဖြင့် ဆက်လက်ဆောင်ရွက်ခြင်း၊ ထို့အပြင် ဒေသတွင်းကြီးကြပ်မှု အတတ်ပညာရှင်အစုအဖွဲ့ များမှတစ်ဆင့် တာဝန်ရှိသူများအကြား ဆွေးနွေး ညှိနှိုင်းမှုများ ပိုမိုနီးကပ်စွာ ဆောင်ရွက်ရန်၊

(၃) အပြည်ပြည်ဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များ၊ စည်းစနစ်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် သဟဇာတဖြစ်မည့် စည်းမျဉ်းများ သတ်မှတ်ရန်၊

၁၈။ အချင်းချင်း ဆက်စပ်လျက်ရှိသည့် အဓိက နယ်ပယ် (၃) ခုအတွက် လုပ်ငန်းများမှာ အောက်ပါတို့ဖြစ်ပါသည်။

(က) ဒေသတွင်း နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုနှင့် ငွေချေးငှားမှုတို့အား အထောက် အကူ ဖြစ်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ငွေကြေးစီးဆင်းမှုများကို တွန်းအားပေး ဆောင်ရွက်နိုင်မည့် ငွေလုံးငွေရင်းဖြေလျှော့ ဆောင်ရွက်မှုများအား တိုးမြှင့်ဆောင်ရွက်ရန် လမ်းညွှန်ချက်များမှာ အောက်ပါတို့ ဖြစ်ပါသည်-

(၁) ငွေလုံးငွေရင်းစာရင်း ဖြေလျှော့မှုသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အမျိုးသားအဆင့် အစီအစဉ်နှင့် ၎င်းတို့၏ စီးပွားရေး အဆင်သင့်ဖြစ်မှုနှင့် ကိုက်ညီမှုရှိစေရန်၊

(၂) မက်ခရို စီးပွားရေးနှင့် ငွေကြေး တည်ငြိမ်မှုရှိစေရန် လိုအပ်သော လုပ်ငန်း စဉ်များချမှတ်ရန် အပါအဝင် ဖြေလျှော့မှုများမှ ပေါ်ပေါက်လာသည့် စွန့်စားမှုများနှင့် မက်ခရို စီးပွားရေးဆိုင်ရာ မတည်ငြိမ်မှု အလားအလာများ အတွက် လုံလောက်သော အကာအကွယ်ပေးမှု အစီအစဉ်များ ခွင့်ပြုရန်၊

(၃) အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဖြေလျှော့မှုမှ ရရှိလာမည့် အကျိုးအမြတ် များမျှဝေရရှိရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား၊ ငွေလုံးငွေရင်းစာရင်း ဖြေလျှော့မှုဆိုင်ရာ ကိန်းဂဏန်းဖော်ပြချက်ဇယား နှင့် တစ်နိုင်ငံချင်းစီ၏

ရည်မှန်းချက်ပုံစံတို့ကို အသုံးပြုခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား ငွေလုံးငွေရင်းစာရင်း ဖြေလျှော့မှုဆိုင်ရာ တိုးတက်မှု အခြေအနေကို ဆက်လက်ကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု၊ ငွေပေးချေမှု၊ လက်လီငွေပေးချေမှုစနစ်နှင့် အရင်းအနှီးဈေးကွက်များအတွက် ဖြေရှင်းဆောင်ရွက်မှုဆိုင်ရာ အခြေခံစနစ်များ ဖော်ထုတ်ဆောင်ရွက်ခြင်းနှင့် စံချိန်စံညွှန်းဆိုင်ရာ ကိုက်ညီမှုရှိစေရန် တိုးမြှင့် ဆောင်ရွက်ခြင်းကဲ့သို့ နယ်ပယ်အသီးသီးတွင် ငွေပေးချေမှုစနစ်များကို တိုးတက် စေရန်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် လုံခြုံစိတ်ချသော ထိရောက်မှုရှိသော ၊ ယှဉ်ပြိုင် နိုင်စွမ်းရှိသော ဒေသတွင်း ချိတ်ဆက်မှုနှင့် ငွေပေးချေစနစ်များ တိုးမြှင့် ဆောင်ရွက် ပေးမည့် ပတ်ဝန်းကျင်ကို ရရှိလာမည် ဖြစ်ပါသည်။ အဆိုပါ ကိစ္စတွင် ဒေသတွင်းနှင့် ဒေသပြင်ပ ငွေကြေး တည်ငြိမ်မှုနှင့် စွမ်းဆောင်ရည် ပြည့်ဝမှုတို့အား တိုးမြှင့် ဆောင်ရွက်နိုင်မည့် ISO 20022 ကဲ့သို့ အပြည်ပြည်ဆိုင်ရာ ကောင်းမွန်သည့် လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံသည့် ဈေးကွက်လုပ်ထုံးလုပ်နည်းများ စံချိန် စံညွှန်းများ လိုက်လျောညီထွေမှုရှိသည့် အဆင့်တစ်ခုလည်း လိုအပ်မည် ဖြစ်ပါ သည်။

(ဂ) ဒေသတွင်းတွင် ငွေကြေးဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန် စွမ်းဆောင်ရည် တည်ဆောက်ခြင်းမှ အထောက်အကူပြုမည် ဖြစ်ပါသည်။ ငွေကြေးဆိုင်ရာစည်းမျဉ်း များနှင့် ကြီးကြပ်မှု၊ ငွေကြေးကဏ္ဍတွင် အားလုံးပါဝင်လာမှု၊ ငွေပေးချေမှုစနစ်များ ကဲ့သို့ ငွေကြေးဆိုင်ရာ ပေါင်းစည်းမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆီလျော်မှု ရှိမည့် အကောင်းဆုံး အလေ့အကျင့်များ၊ အတွေ့အကြုံများ၊ ဗဟုသုတများ ဖလှယ် ခြင်းနှင့် လေ့လာသင်ယူမှု အစီအစဉ်တို့ ပြုလုပ်ခြင်းဖြင့် စွမ်းဆောင်ရည် မြှင့်မားမှု ကို ရရှိစေရန်ဖြစ်ပါသည်။

## က-၅ ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်း သွားလာလုပ်ကိုင်မှု လွယ်ကူချောမွေ့စေခြင်း

၁၉။ အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ လွယ်ကူချောမွေ့စွာ သွားလာလုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ အသက်မွေးဝမ်းကြောင်း ဝန်ဆောင်မှု လုပ်ငန်း (၈) ခုတွင် အတတ်ပညာရှင်များအား ၎င်းတို့၏အရည်အသွေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် အသိအမှတ်ပြု လုပ်ကိုင်ခွင့်ပြုရန်အတွက် အပြန်အလှန် အသိအမှတ်ပြု အစီအစဉ်များကို စတင်ခဲ့ပြီး၊ လူပုဂ္ဂိုလ် များ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်နှင့် ဘဝ တစ်သက်တာ သင်ယူမှုကို အထောက်အကူ ဖြစ်စေရန်နှင့် အပြန်အလှန် အသိအမှတ်ပြုမှုတို့ကို တိုးမြှင့်ရန် အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မိမိဆန္ဒအလျောက် လုပ်ကိုင်နိုင်ရန် အကိုးအကားပြုနိုင်မည့်

အာဆီယံ အရည်အသွေး ကိုးကားမှု မူဘောင်ကို အကောင်အထည်ဖော်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်များသည် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး နှင့် ရင်းနှီးမြှုပ်နှံမှု လာရောက်လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် လူပုဂ္ဂိုလ်များ၏ ယာယီအားဖြင့် နယ်စပ်ဖြတ်ကျော်သွားလာမှုကို လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပါသည်။

၂၀။ မဟာဗျူဟာဆိုင်ရာ လုပ်ငန်းစဉ်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

(က) လူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်မှုဆိုင်ရာ အာဆီယံ သဘောတူစာချုပ် အောက်ရှိ ကတိကဝတ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊

(ခ) စံသတ်မှတ်ချက် မရှိလျှင် စာရွက်စာတမ်း လိုအပ်ချက်များကို လျှော့ချရန်၊

၂၁။ လိုအပ်ပါက ဒေသအတွင်း၌ အသက်မွေးဝမ်းကြောင်း ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သား များ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာမှုကို လွယ်ကူချောမွေ့စေရန်အတွက် နောက်ထပ် အပြန်အလှန် အသိအမှတ်ပြု အစီအစဉ် အသစ်များ ဆောင်ရွက်နိုင်ရေး ဖြစ်နိုင်ချေကို စဉ်းစား ရန်နှင့် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်များကို ထပ်မံတိုးမြှင့် ဆောင်ရွက်ရန် အတွက် အာဆီယံမှ စဉ်းစားဆောင်ရွက်မည်ဖြစ်ပါသည်။

## က-၆ ကမ္ဘာ့တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက်တွင် ပါဝင်မှုမြှင့်တင်ခြင်း

၂၂။ ပေါင်းစည်းညီညွတ်မှု မြင့်မားသော စီးပွားရေးဒေသဖြစ်ပေါ်လာစေရေး၏ ရည်ရွယ်ချက် မှာ ကမ္ဘာ့တန်ဖိုးမြှင့် ထုတ်လုပ်မှုကွင်းဆက်တွင် ဒေသတွင်းပါဝင်မှုကို တိုးမြှင့်ရန် ဖြစ်ပါသည်။ နက်ရှိုင်းသော ဒေသတွင်း ပေါင်းစည်းမှုမှ ရရှိလာမည့် အကျိုးကျေးဇူးများတွင် စီးပွားရေး တွက်ချေ ကိုက်မှုများဖြစ်ပေါ်ခြင်း၊ စုပေါင်းဆောင်ရွက်မှု ထိရောက်မှု ရှိခြင်းနှင့် ဒေသတွင်းဆန်းသစ် တီထွင်မှု စနစ်များ ဖြစ်ပေါ်ခြင်း တို့ပါဝင်ပါသည်။

၂၃။ ဒေသတွင်း တန်ဖိုးမြှင့် ထုတ်လုပ်မှုကွင်းဆက်သည် ကမ္ဘာ့တန်ဖိုးမြှင့် ထုတ်လုပ်မှု ကွင်းဆက် နှင့် အပြန်အလှန် သီးခြားဖြစ်တည်နေခြင်းမရှိပေ။ သို့ရာတွင် ပေါင်းစည်း ညီညွတ်မှုမြင့်မားသော စီးပွားရေးဒေသဖြစ်ပေါ်လာစေခြင်းအားဖြင့် ဒေသတွင်း တန်ဖိုးမြှင့် ထုတ်လုပ်မှု ကွင်းဆက်များ ခိုင်မာလာစေရန် ဆောင်ရွက်ခြင်းသည် အာဆီယံအား ကမ္ဘာ့တန်ဖိုးမြှင့် ထုတ်လုပ်မှု ကွင်းဆက်တွင် ပါဝင်လာနိုင်စေမည့် အဓိက နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်သစ်နိုင်ငံများ အတွက် ဒေသတွင်း တန်ဖိုးမြှင့် ထုတ်လုပ်မှု ကွင်းဆက်တွင် ပါဝင်နိုင်ခြင်းသည် ကမ္ဘာ့ တန်ဖိုးမြှင့် ထုတ်လုပ်မှု ကွင်းဆက်တွင် ပါဝင်နိုင်မည့် ခြေလှမ်း တစ်ရပ် ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီး အာဆီယံ နိုင်ငံ များအတွက် ဒေသတွင်း တန်ဖိုးမြှင့် ထုတ်လုပ်မှု ကွင်းဆက်တွင် ဦးဆောင်ပါဝင်ခြင်းသည် ကမ္ဘာ့အဆင့်တွင် ဦးဆောင်နိုင်မည့် ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။

၂၄။ သွင်ပြင်လက္ခဏာ (၁) နှင့် (၂) ပါ အခြားလက္ခဏာရပ်များသည် ကန့်သတ်ချက်များ ဖယ်ရှားခြင်း (ဈေးကွက်ဝင်ရောက်နိုင်မှုနှင့် ခွဲခြားမှု အစီအမံများ) သို့မဟုတ် ကုန်သွယ်မှု

လွယ်ကူချောမွေ့စေခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ ဆီလျော်ဆက်စပ်မှုရှိခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ကမ္ဘာ့တန်ဖိုးမြှင့် ထုတ်လုပ်မှုကွင်းဆက်တွင် ပါဝင်လာနိုင်ရန် ဖြစ်ပါသည်။ ကမ္ဘာ့တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက်တွင် ပါဝင်နိုင်ရေးဆိုင်ရာ မဟာဗျူဟာများတွင် အောက်ပါတို့ ပါဝင်ပါသည် -

(က) ဒေသတွင်းအမှတ်တံဆိပ်၊ ခရီးစဉ်များ/ ပြပွဲများနှင့် အခြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဈေးကွက် ဗျူဟာများ ဆောင်ရွက်ရန်

(ခ) ပို့ကုန်၊ သွင်းကုန် (၂) မျိုးလုံးအပေါ် အခြေခံသည့် ကုန်သွယ်မှု လွယ်ကူ ချောမွေ့ရေး ဆောင်ရွက်ရန်

(ဂ) အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် သဟဇာတဖြစ်ရန်နှင့် စံချိန်စံညွှန်းများကိုက်ညီမှုနှင့်ပတ်သက်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များဆောင်ရွက်ရန်

(ဃ) သတင်းအချက်အလက် မျှဝေမှု ပိုမိုကောင်းမွန်ရန်

(င) ပေါင်းစည်းဆက်သွယ်မှုကိစ္စအပေါ် ပိုမိုအလေးထားဆောင်ရွက်ရန်၊ ကုန်သွယ်မှုကန့်သတ်ချက်များနှင့် အကောက်ခွန်မဟုတ်သော အစီအမံဆိုင်ရာ ကုန်ကျစရိတ်များကို လျှော့နည်းစေရန်နှင့် ပြည်တွင်းစည်းမျဉ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်

## ခ. ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ ဆန်းသစ်တီထွင်သော၊ အရှိန်အဟုန်ဖြင့် တိုးတက်သည့် အာဆီယံဒေသ

၂၅။ အဆိုပါ သွင်ပြင်လက္ခဏာရပ်၏ ရည်မှန်းချက်သည် (က) ထိရောက်သည့် ယှဉ်ပြိုင်မှုမူဝါဒမှ တစ်ဆင့် လုပ်ငန်းများအားလုံးသည် ယှဉ်ပြိုင်ဆောင်ရွက်နိုင်သည့် အဆင့်တစ်ခုသို့ ရောက်ရှိစေခြင်း၊ (ခ) အသိပညာဆိုင်ရာ ဖန်တီးမှုနှင့် အကာအကွယ်ပေးမှုများကို မြှင့်တင်ဆောင်ရွက်ခြင်း (ဂ) ကမ္ဘာ့တန်ဖိုးမြှင့် ထုတ်လုပ်မှု ကွင်းဆက်တွင် အာဆီယံနိုင်ငံများ ပိုမိုပါဝင်လာခြင်းနှင့် (ဃ) ယှဉ်ပြိုင်မှုနှင့် ဆက်စပ်နေသည့် စည်းမျဉ်းဆိုင်ရာ မူဘောင်များနှင့် အလေ့အကျင့်များ ခိုင်မာစေခြင်းနှင့် ဆက်စပ်မှုရှိခြင်း အားဖြင့် ဒေသတွင်း၌ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ထုတ်လုပ်မှုမြင့်မားလာစေရန်ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ ဆန်းသစ်တီထွင်သော၊ အရှိန်အဟုန်ဖြင့် တိုးတက်သည့် အာဆီယံ ဒေသ ဖြစ်ပေါ်လာစေရေး၏ အဓိကသွင်ပြင် လက္ခဏာများမှာ အောက်ပါတို့ဖြစ်ပါသည် -

### ခ-၁ ထိရောက်သည့် ယှဉ်ပြိုင်မှု မူဝါဒ

၂၆။ အာဆီယံအား ကောင်းမွန်သည့် လုပ်ဆောင်ချက်များ ပါဝင်သည့် ဈေးကွက်များနှင့်အတူ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော ဒေသတစ်ခုဖြစ်စေရေးအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ စည်းမျဉ်းများသည် အကျိုးထိရောက်သည့် ဆောင်ရွက်ချက်များရှိရန် လိုအပ်ပါသည်။ ယှဉ်ပြိုင်မှု မူဝါဒနှင့်

ဥပဒေ၏ အခြေခံရည်မှန်းချက်သည် ပိုင်ဆိုင်မှုကို ထည့်သွင်းမစဉ်းစားဘဲ လုပ်ငန်းများအားလုံး ယှဉ်ပြိုင်ဆောင်ရွက်နိုင်သည့် အနေအထားတစ်ခုသို့ ရောက်ရှိစေရန် ဖြစ်ပါသည်။ ယှဉ်ပြိုင်မှု နှင့် ဆန့်ကျင်နေသည့် လုပ်ငန်းများကို တားမြစ်သည့် ယှဉ်ပြိုင်မှုဆိုင်ရာ စည်းမျဉ်းပြဋ္ဌာန်းမှုသည် ဖြေလျှော့ဆောင်ရွက်မှုများ နှင့် တူညီသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ ဖြစ်ပေါ်စေရေး ကို လွယ်ကူချောမွေ့စေရန် နှင့် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော ၊ တီထွင်ဆန်းသစ်မှုရှိသော ဒေသတစ်ခု ဖြစ်ပေါ်လာစေရေးကို အထောက်အကူပြုသော အရေးကြီးသည့် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

၂၇။ မဟာဗျူဟာမြောက် လုပ်ငန်းများမှာ အောက်ပါတို့ဖြစ်ပါသည်-

(က) ယှဉ်ပြိုင်မှု ဥပဒေမရှိသေးသည့် အာဆီယံနိုင်ငံများတွင် ယှဉ်ပြိုင်မှုဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြင့် အကျိုးထိရောက်မှုရှိသည့် ယှဉ်ပြိုင်မှုစနစ်များ ထူထောင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များနှင့် သဘောတူညီထားသည့် အာဆီယံဆိုင်ရာ လမ်းညွှန်ချက်များကိုအခြေခံ၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အားလုံးရှိ ယှဉ်ပြိုင်မှုဥပဒေများအား အကျိုးထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်

(ခ) နည်းပညာဆိုင်ရာ ဘက်စုံ အထောက်အပံ့ပေးရေး အစီအစဥ်နှင့် စွမ်းဆောင်ရည် မြှင့်တင်မှု အစီအစဥ် တို့အပါအဝင် အမျိုးသား ယှဉ်ပြိုင်မှုဥပဒေများ အကျိုးထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အဖွဲ့အစည်းဆိုင်ရာ ယန္တရားများ ထူထောင်၍ အကောင်အထည်ဖော်ခြင်းဖြင့် အာဆီယံ အဖွဲ့ဝင် နိုင်ငံများရှိ ယှဉ်ပြိုင်မှုဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊

(ဂ) ပုံမှန်သတင်းဖလှယ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းလမ်းစဥ်များ ချမှတ်ဆောင်ရွက်ခြင်း၊ ယှဉ်ပြိုင်မှု ဥပဒေအား လေးစားလိုက်နာရန် တွန်းအားပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းများအား ယှဉ်ပြိုင်မှုနှင့် ပတ်သက်သည့် သတင်း အချက်အလက်များ လွယ်ကူစွာ ရရှိစေရန် ဆောင်ရွက်ခြင်း၊ ဒေသတွင်း ယှဉ်ပြိုင်မှုဥပဒေနှင့် ယှဉ်ပြိုင်မှု မူဝါဒဆိုင်ရာ ဝက်ဘ်ပေါ်တယ်လ်ကို တိုးတက်အောင် ဆောင်ရွက်ခြင်း၊ စီးပွားရေး လုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများသို့ ထောက်ခံအကြံပြုသည့် အစီအစဥ်များ ဆောင်ရွက်ခြင်းနှင့် ယှဉ်ပြိုင်မှုအား အကျိုးသက်ရောက်စေသည့် အလေ့အကျင့်များနှင့် လုပ်ငန်းဖွဲ့စည်းပုံများအား လေ့လာခြင်းတို့မှတစ်ဆင့် ပတ်သက်ဆက်နွယ်သူ အားလုံးသို့ သတင်းအချက်အလက်များ ရောက်ရှိစေရန် ဆောင်ရွက်ခြင်း အားဖြင့် မျှတသော ယှဉ်ပြိုင်မှုကို အထောက်အကူပြုမည့် ယှဉ်ပြိုင်မှုဆိုင်ရာ အသိဗဟုသုတ ပြည့်ဝသည့် ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ရန်၊

(ဃ) နယ်စပ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်မှုများကို အကျိုးထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးမည့် ယှဉ်ပြိုင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘာတူညီချက်များ

ချမှတ်ခြင်းအားဖြင့် ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေအတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ ထူထောင်ရန်၊

(င) ဒေသတွင်း ယှဉ်ပြိုင်မှုဆိုင်ရာ နည်းဗျူဟာများ အလားတူဖြစ်စေရန် ဆောင်ရွက်ခြင်းဖြင့် အာဆီယံတွင် ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေတို့ ပိုမို လိုက်လျောညီထွေ ရှိစေခြင်း၊

(စ) ဒေသတွင်း ယှဉ်ပြိုင်မှု ဥပဒေနှင့် မူဝါဒတို့ တစ်သမတ်တည်း ဖြစ်စေရေးအတွက် အာဆီယံမှ ဆွေးနွေးဖက်နိုင်ငံများ၊ အခြားသော ကုန်သွယ်ဖက်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သောကုန်သွယ်မှုဒေသများအောက်ရှိ ယှဉ်ပြိုင်မှုမူဝါဒဆိုင်ရာ ကိစ္စများသည် အာဆီယံတွင် ဆောင်ရွက်လျက်ရှိသည့် ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေဆိုင်ရာကိစ္စများနှင့် ချိတ်ဆက်မှုရှိစေရေး ဆောင်ရွက်ရန်၊

(ဆ) အပြည်ပြည်ဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များကို ထည့်သွင်းစဉ်းစား၍ အာဆီယံ၏ ယှဉ်ပြိုင်မှု မူဝါဒနှင့် ဥပဒေတို့ တိုးတက်လာစေရေး ဆက်လက်ဆောင်ရွက်ရန်၊

## ခ-၂ စားသုံးသူ အကာအကွယ်ပေးရေး

၂၈။ စားသုံးသူ အကာအကွယ်ပေးရေးသည် ခေတ်မီသော၊ အကျိုးထိရောက်မှုရှိသော၊ စွမ်းဆောင်ရည် ပြည့်ဝ၍ မျှတမှုရှိသော ဈေးကွက်တစ်ခု၏ အစိတ်အပိုင်းဖြစ်ပါသည်။ စားသုံးသူများအနေဖြင့် ထိခိုက်နစ်နာမှုမရှိဘဲ စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဘေးကင်းလုံခြုံသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရွေးချယ်နိုင်ရေးအတွက် လုံလောက်သည့် သတင်းအချက်အလက်များ ရရှိခွင့် လိုအပ်ပါသည်။ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု တိုးတက်ခြင်း၊ အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်လာခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများနှင့်အတူ အခြားသော ကုန်သွယ်မှု နည်းလမ်းအသစ်များကို အသုံးပြုခြင်းတို့ကြောင့် အစိုးရများအနေဖြင့် စားသုံးသူများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးရန်နှင့် အကာအကွယ်ပေးရန်အတွက် ဆန်းသစ်သည့် နည်းလမ်းများကို ရှာဖွေရန် လိုအပ်လာပါသည်။ ထိုသို့ဆောင်ရွက်ရန် ထိရောက်သော ဥပဒေပြဋ္ဌာန်းချက်များ၊ နစ်နာမှုအတွက် ပေးလျော်မည့် နည်းလမ်းများနှင့် ပြည်သူလူထုအား အသိပညာပေးခြင်းတို့မှတစ်ဆင့် ပြီးပြည့်စုံ၍ ကောင်းမွန်သော အမျိုးသားအဆင့်နှင့် ဒေသတွင်းအဆင့် စားသုံးသူ အကာအကွယ်ပေးသည့် စနစ်တို့ လိုအပ်မည် ဖြစ်ပါသည်။

၂၉။ မဟာဗျူဟာမြောက် လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည်-

(က) စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းခြင်းကို အဆင့်မြင့်တင် ဆောင်ရွက်ခြင်းအားဖြင့် အာဆီယံစားသုံးသူ အကာအကွယ်ပေးရေး မူဘောင်တစ်ခု တည်ဆောက်ရန်၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်ရန်နှင့် စောင့်ကြည့်စစ်ဆေးရန် ၊ အငြင်းပွားမှု

ဖြေရှင်းရေး နည်းလမ်းများ အပါအဝင် နစ်နာမှုအတွက် လျော်ကြေးပေးမှု နည်းလမ်း အသုံးပြုနိုင်ရန်၊

(ခ) စားသုံးသူများနှင့် ပတ်သက်သည့် အရေးကိစ္စများ ဖြေရှင်းဆောင်ရွက်ခြင်း၊ အသိဉာဏ် ဗဟုသုတများ တိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် စားသုံးသူ များ၏ လုပ်ပိုင်ခွင့်နှင့် အသိဉာဏ်ဗဟုသုများ တိုးမြှင့်စေရေး ဆောင်ရွက်ရန်၊

(ဂ) ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံမှု ရှိစေခြင်း၊ စားသုံးသူ ကိုယ်စားလှယ်များ ပိုမို ပူးပေါင်းပါဝင်လာခြင်းနှင့် ရေရှည်တည်တံ့စေမည့် စားသုံးမှုအား တိုးမြှင့် ဆောင်ရွက်ခြင်းတို့ဖြင့် စားသုံးသူ ယုံကြည်စိတ်ချမှုနှင့် နယ်စပ်ဖြတ်ကျော် ကူးသန်း ရောင်းဝယ်မှုများ တိုးတက်အောင် ဆောင်ရွက်ရန်၊

(ဃ) စားသုံးသူ အကာအကွယ်ပေးရေး မူဝါဒများ၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်းနှင့် ဗဟုသုတကို အခြေပြုသည့် မူဝါဒများ ဖော်ထုတ်ဆောင်ရွက်ခြင်း အားဖြင့် အာဆီယံ မူဝါဒများရှိ စားသုံးသူရေးရာ ကိစ္စရပ်များကို တိုက်တွန်းရေး ဆောင်ရွက်ရန်၊

(င) ကုန်စည် နှင့် ဘဏ္ဍာရေး၊ အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေး၊ လေကြောင်းပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကဲ့သို့ ဝန်ဆောင်မှု ကဏ္ဍများ တွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို မြှင့်တင် ဆောင်ရွက်ရန်၊

## ခ-၃ အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်အတွက် ပူးပေါင်းဆောင်ရွက်မှုများခိုင်မာစေခြင်း

၃၀။ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုသည် အမျိုးသားအဆင့်နှင့် ဒေသအဆင့် လူမှု-စီးပွား ဖွံ့ဖြိုး တိုးတက်မှု ရည်မှန်းချက်များကို ရရှိစေရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ကို အကာအကွယ်ပေးခြင်းသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နည်းပညာလွှဲပြောင်းမှုကို တွန်းအားပေးခြင်းနှင့် တီထွင်ဆန်းသစ်မှုများ ကို လှုံ့ဆော်ပေးခြင်းအားဖြင့် နည်းပညာ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရာ၌ အရေး ပါပါသည်။ နောင်ဆယ်နှစ်အတွင်း အသုံးပြုမည့်နည်းလမ်းသည် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုနှင့် တီထွင်ဆန်းသစ်မှုတို့ကိုအကျိုးထိရောက်စွာအသုံးပြုခြင်းအားဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် လိုအပ်ချက်အပေါ် အခြေခံမည် ဖြစ်ပါသည်။ အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုစနစ်တွင် နည်းပညာနှင့် လုပ်ထုံးလုပ်နည်းများသည် ထပ်တူကျသင့်ပါသည်။ ဒေသအဆင့်နှင့် အမျိုးသားအဆင့် အသိဉာဏ် ပစ္စည်းပိုင်ဆိုင်မှု ရုံးများသည် မိမိတို့ ဖောက်သည်များအတွက် စွမ်းဆောင်ရည် ပြည့်ဝ၍ အကျိုးထိရောက်သော ကမ္ဘာ့အဆင့် ဝန်ဆောင်မှုများ ဆောင်ကြဉ်း ပေးနိုင်သည့် ခေတ်မီစီးပွားရေးစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို လက်ခံသင့်ပါသည်။ အသိဉာဏ် ပစ္စည်း ပိုင်ဆိုင်မှုသည် ပို့ကုန် ပမာဏနှင့် တန်ဖိုးကို တိုးမြှင့်စေခြင်း၊ ပြည်တွင်း၊ ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများစီးဆင်းမှုကို တိုးမြှင့်စေခြင်း ၊ ကမ္ဘာ့ယှဉ်ပြိုင်နိုင်စွမ်းအဆင့် ကို

မြင့်တက်လာစေခြင်း အကြောင်းများထဲမှ တစ်ခုဖြစ်သည့်အတွက် အနာဂတ်နယ်ပယ်သည် ပို၍ ယှဉ်ပြိုင်စရာကောင်းသော နယ်ပယ်တစ်ခုဖြစ်လာပါမည်။

၃၁။ မဟာဗျူဟာမြောက်လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည်-

(က) အောက်ပါ အဓိကအစီအမံများမှတစ်ဆင့် ခိုင်မာသည့် အာဆီယံအသိဉာဏ် ပစ္စည်း ပိုင်ဆိုင်မှု စနစ်တစ်ခု ပေါ်ပေါက်လာစေရေးအတွက် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှု ရုံးများ ခိုင်မာစေရေး ဆောင်ရွက်ရန်နှင့် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှု အခြေခံစနစ် တည်ဆောက်ရန်၊

(၁) အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းများ အထူးသဖြင့် မူပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ ကုန်ပစ္စည်းအမှတ်တံဆိပ်နှင့် စက်မှုဒီဇိုင်း နယ်ပယ်တို့တွင် တိုးတက်စေရန်၊

(၂) အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ ရုံးများ၏အလုပ်ပမာဏနှင့် နှစ်ထပ်ကွမ်း လုပ်ငန်းဆောင်ရွက်ခြင်းကို လျှော့ချနိုင်ရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများ အကြား လုပ်ငန်းဆောင်ရွက်ချက်များဖလှယ်ခြင်းကို ကျယ်ပြန့်စွာ ဆောင်ရွက် ရန်၊

(၃) သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပြီးစီးခြင်းနှင့် ရလဒ်ကောင်းများ ရရှိ စေခြင်းအားဖြင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်၊

(၄) မူပိုင်ခွင့်မှတ်ပုံတင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Patent Cooperation Treaty - PCT ) ၊ မက်ဒရစ် ပရိုတိုကော (Madrid Protocol)၊ ဟိတ်ဂ် သဘောတူစာချုပ် (Hague Agreement) တို့သို့ ဝင်ရောက်နိုင်ရေး ကိစ္စများ ပြီးစီးရန် နှင့် ကုန်ပစ္စည်း အမှတ်တံဆိပ် ဥပဒေ ဆိုင်ရာ စင်ကာပူသဘောတူစာချုပ်နှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်း ဆိုင်ရာ မူပိုင်ခွင့်အဖွဲ့အစည်းမှ ဆောင်ရွက်သည့် အခြားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များသို့ ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၅) အာဆီယံအသိဉာဏ်ပစ္စည်း ပိုင်ဆိုင်ခွင့်ဆိုင်ရာ အကယ်ဒမီမှတစ်ဆင့် ကမ္ဘော ဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့အတွက် ကုန်ပစ္စည်းအမှတ်တံဆိပ် များ၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းများနှင့် စက်မှုဒီဇိုင်းများနှင့် စပ်လျဉ်းသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ဆောင်ရွက်ရန်၊

(ခ) အောက်ပါ အဓိက လုပ်ငန်းများမှတစ်ဆင့် ဒေသတွင်း အသိဉာဏ် ပစ္စည်း ဆိုင်ရာ မူပိုင်ခွင့် ယန္တရားများနှင့် အခြေခံစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ ဈေးကွက်အသစ် သို့မဟုတ် လက်ရှိဈေးကွက်များနှင့် ချိတ်ဆက် ဆောင်ရွက်မည့် လုပ်ငန်းဆောင်ရွက်ခြင်းများအပေါ် အခြေခံမည့် ဆန်းသစ်တီထွင်မှုဆိုင်ရာ နည်းပညာ ထောက်ပံ့ရေးရုံးများနှင့် နည်းပညာလွှဲပြောင်းရေးရုံးများ အပါအဝင် ဒေသတွင်း အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းများကို ပေါင်းစည်းမည့် ကွန်ယက်အသစ်တစ်ခု တည်ဆောက်ရန်၊

(၂) မူပိုင်ခွင့်မှတ်ပုံတင်ခြင်း၊ ကုန်ပစ္စည်းအမှတ်တံဆိပ်နှင့် ဒီဇိုင်းရှာဖွေရေးစနစ်များ အပါအဝင် ချိတ်ဆက်လျက်ရှိသော အွန်လိုင်း ဝန်ဆောင်မှုများနှင့် အွန်လိုင်း မှတ်တမ်းပြုစုခြင်းစနစ်တို့မှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန်၊

(၃) စာရင်းအင်းအချက်အလက်များ အပါအဝင် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာ သတင်းများ တိကျစေ၍ အချိန်နှင့် တစ်ပြေးညီ တင်ပြခြင်းအားဖြင့် အာဆီယံ အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ ပေါ်တယ်လ်၏ စီမံခန့်ခွဲမှုကို တိုးတက် စေရန်နှင့် ထိန်းချုပ်ရန်၊

(၄) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များ ဖြန့်ဝေပေးရေးအတွက် အလိုအလျောက် ဘာသာပြန်ကြားပေးသည့်စနစ်နှင့် ဒေသတွင်း မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် ကုန်ပစ္စည်းအမှတ်တံဆိပ်ဆိုင်ရာ အသေးစိတ် အချက်အလက်များ စုဆောင်းသည့်ဌာန တို့ကို ဖော်ထုတ်ဆောင်ရွက်ခြင်း အပါအဝင် လုပ်ငန်းအရည်အသွေးများ တိုးတက်လာစေရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာ ခေတ်မီလာအောင်ဆောင်ရွက်ရန်၊

(ဂ) အောက်ပါ အဓိကလုပ်ငန်းများမှတစ်ဆင့် အာဆီယံအသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ ဂေဟစနစ်ကို ချဲ့ထွင်ရန်၊

(၁) ဒေသတွင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့် ပြဋ္ဌာန်းဆောင်ရွက်မှုများအပေါ် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် အသိဉာဏ်ပစ္စည်း အခန်းကဏ္ဍ တိုးမြှင့်ရန်အတွက် အာဆီယံရုံးများ ဆိုင်ရာ ကွန်ယက် ထူထောင်ရန်၊

(၂) ဒေသတွင်းရှိ ပုဂ္ဂလိက ကဏ္ဍ၊ အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ အသင်းအဖွဲ့များ နှင့် အခြားသော ပါဝင်ဆက်နွယ်သူအားလုံးသည် ပြင်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု တိုးတက်ရန်၊

(၃) ဒေသတွင်း တရားဝင်အသိမှတ်ပြုမှု စနစ်အပေါ် လေ့လာခြင်းမှတစ်ဆင့် အာဆီယံ အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသည့် ကျွမ်းကျင်ပညာရှင်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊

(ဃ) အောက်ပါ အဓိကလုပ်ငန်းများမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများနှင့် အခြားသောတီထွင်ဖန်တီးမှုကဏ္ဍများအတွက် အထောက်အပံ့ပြုရေးအစီအစဉ်များအပါအဝင် ကုန်ပစ္စည်း တီထွင်ဆန်းသစ်မှုနှင့် ကူးသန်းရောင်းဝယ်မှုတို့ကို မြှင့်တင်ပေးမည့် ဒေသတွင်းနည်းလမ်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၁) အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ နှင့် တီထွင်ဖန်တီးကဏ္ဍများအတွက် ဆွဲဆောင်သည့်အစီအစဉ်များ အပါအဝင် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ အကာကွယ်ပေးရေးနှင့် အသုံးပြုရေးတို့ တိုးမြှင့်စေရေးအတွက် အသိပညာဗဟုသုတပေးရေးအစီအစဉ်များ ဆောင်ရွက်ရန်၊

(၂) အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုကို ငွေကြေးဆိုင်ရာ ရပိုင်ခွင့်အဖြစ် အများသိရှိနားလည်အောင် ဆောင်ရွက်နိုင်ရန်အတွက် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုအတွက် တန်ဖိုးသတ်မှတ်သည့် လုပ်ငန်းကို ဆောင်ရွက်ရန်၊

(၃) အကာအကွယ်ပေးရေးနှင့် ကုန်ပစ္စည်း အမှတ်တံဆိပ် ဆိုင်ရာ နည်းဗျူဟာတို့ ဖော်ထုတ်ဆောင်ရွက်မှုတွင် ထုတ်လုပ်နိုင်စွမ်းရှိသည့် ကဏ္ဍ၏ စွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် အာဆီယံ၏ ဒေသထွက်ကုန်များ၏ ကူးသန်းရောင်းဝယ်မှုကို မြှင့်တင်ပေးရန်၊

(၄) ဒေသထုတ်ကုန်များနှင့် မျိုးရိုးဗီဇနှင့် ဆိုင်သော အရင်းအမြစ်များ၊ ရိုးရာဗဟုသုတများ နှင့် ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ ဖော်ပြချက်များအတွက် အကာအကွယ်ပေးရေး နည်းလမ်းတစ်ခုကို မြှင့်တင်ဆောင်ရွက်ရန် နှင့် အာဆီယံနှင့် နိုင်ငံခြားဈေးကွက်တို့တွင် ၎င်းတို့အား အကာအကွယ်ပေးနိုင်ရေးအတွက် အထောက်အကူပြုရန်၊

**ခ-၄ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်မှု၊ တီထွင်ဆန်းသစ်မှု၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာဆိုင်ရာ စီးပွားရေးဆောင်ရွက်မှု**

၃၂။ အာဆီယံသည် ကမ္ဘာ့တန်ဖိုးမြှင့်ပြောင်းလဲမှု ကွင်းဆက်သို့ တိုးမြှင့်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ကာလရှည် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေရန်မှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ လုပ်သားထုထုတ်လုပ်နိုင်မှုစွမ်းရည် နှင့် စုပေါင်း ထုတ်လုပ်မှု စွမ်းဆောင်ချက် အပေါ် မူတည်နေပါသည်။ လုပ်သားထု ထုတ်လုပ်နိုင်မှုစွမ်းရည်နှင့် စုပေါင်း ထုတ်လုပ်မှု စွမ်းဆောင်ချက်အား သွင်းအားစုများကို အကျိုးထိရောက်စွာ အသုံးပြုခြင်း၊ အသိပညာ

ဗဟုသုတ တိုးတက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာဆိုင်ရာတိုးတက်မှုများဖြင့် ဆုံးဖြတ်ပါသည်။

၃၃။ အာဆီယံ၏ထုတ်လုပ်မှုစွမ်းအားမြှင့်တင်မှုနှင့် ရေရှည်ယှဉ်ပြိုင်နိုင်မှုတွင် နည်းပညာတီထွင်ဆန်းသစ်ခြင်း ကဲ့သို့သော နည်းပညာပြောင်းလဲခြင်း နှင့် ဖြန့်ဝေခြင်း ကဏ္ဍတို့သည် အရေးပါသည့်အတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ တီထွင်ဆန်းသစ်မှုများနှင့် နည်းပညာ စွမ်းရည်ကို တိုးတက်စေရန်အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပိုမိုဆန်းသစ်တီထွင်နိုင်သည့် အာဆီယံဖြစ်စေရန်အတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အရည်အသွေးတိကျမှု၊ နည်းပညာဖြန့်ဝေခြင်းနှင့် ဆန်းသစ်ခြင်းများကို ခိုင်မာစေမည့် မူဝါဒနှင့် ဝန်းကျင်အဖွဲ့အစည်းများသည် စိန်ခေါ်မှုများဖြစ်ပါသည်။ အာဆီယံ၏ ယှဉ်ပြိုင်နိုင်မှုကို ချဲ့ထွင်စေရန်အတွက် အောက်ပါ မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များကို ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) စွမ်းဆောင်ရည် မြှင့်တင်ပေးရန်အတွက် ပညာရှင်အဖွဲ့အစည်းများ၊ သုတေသန အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား နည်းဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် နည်းပညာလွှဲပြောင်းမှုနှင့် စီးပွားရေးအရ ဆောင်ရွက်မှုတို့အတွက် အကျိုးထိရောက်မှုရှိသည့် လမ်းကြောင်းတစ်ခု ဖန်တီး ပေးရန်၊

(ခ) သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကိရိယာများနှင့် နည်းပညာများ အသုံးပြုခြင်းမှတစ်ဆင့် အာဆီယံဒေသတွင်းတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း ခိုင်မာစေရေး ဆောင်ရွက်ရန်၊

(ဂ) နည်းပညာ ဗဟုသုတများကို ဖန်တီးနိုင်ခြင်းနှင့် အသုံးချခြင်းဖြင့် အသိဉာဏ်ပြည့်ဝ၍ စွမ်းဆောင်ရည်မြင့်မားသော လူသားအရင်းအမြစ်ကို မွေးမြူရန်အတွက် အထောက်အပံ့ ပေးမည့်စနစ် နှင့် ဝန်းကျင် တို့ကို တိုးတက်စေရေး ဆောင်ရွက်ရန်၊

၃၄။ တီထွင်ဖန်တီးမှုများကို မြှင့်တင်နိုင်ရန် အတွက် အောက်ပါ မဟာဗျူဟာမြောက် လုပ်ငန်းများဖြင့် နိုင်ငံတွင်းနှင့် နယ်စပ်ဖြတ်ကျော် ယန္တယားများ ဖွံ့ဖြိုးတိုးတက်ရေးအား အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) တက္ကသိုလ်များနှင့် စီးပွားရေးလုပ်ငန်းတို့၌ သတင်းအချက်အလက်ဖလှယ်ခြင်း နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ဖြင့် အတွေးအခေါ်များနှင့် ဖန်တီးနိုင်မှုစွမ်းအားတို့ လှုံ့ဆော်ပေးခြင်း ဆောင်ရွက်ရန်၊

(ခ) စွန့်ဦးတီထွင်မှု လုပ်ငန်းများအပေါ် အလေးထားဆောင်ရွက်ခြင်းနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စီးပွားရေး ဖန်တီးပေးနိုင်မည့် အစီအစဉ်များ ဖော်ထုတ်ဆောင်ရွက်ရန်၊

(ဂ) ဒေသတွင်းရှိ နိုင်ငံသားနှင့် နိုင်ငံခြားသားပိုင် လုပ်ငန်းများ၏ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ငွေကြေးဆိုင်ရာမူဝါဒ နှင့် ငွေကြေးနှင့် မသက်ဆိုင်သော မူဝါဒတို့ဖြင့် အထောက်အပံ့ပြုခြင်းနှင့် အဆင့်မြှင့်တင်ခြင်း အပါအဝင် နည်းပညာဆိုင်ရာ လွှဲပြောင်းမှုအပေါ် ပြောင်းလဲလက်ခံခြင်းနှင့် ဆန်းသစ် တီထွင်မှု များအတွက် အာဆီယံနိုင်ငံများအချင်းချင်း ရင်းနှီးသည့်မူဝါဒဝန်းကျင်တစ်ခု ထူထောင်ရန်၊

(ဃ) သုတေသနနှင့် နည်းပညာဆိုင်ရာနယ်မြေများ၊ ပူးတွဲဆောင်ရွက်မှုများ၊ စီမံထိန်းချုပ်မှုစနစ်နှင့် (သို့မဟုတ်) တက္ကသိုလ် သုတေသန ဓါတ်ခွဲခန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ဌာနများနှင့် အလားတူ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် ဌာနများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထား ဆောင်ရွက်ရန်၊

(င) အာဆီယံသည် ကမ္ဘာတစ်ဝှမ်းနှင့် ဒေသတွင်း သုတေသနနှင့် နည်းပညာဆိုင်ရာ ကွန်ယက်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုခိုင်မာအောင် ဆောင်ရွက်ရန်၊

(စ) ဒေသတွင်းတွင် ခိုင်မာသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ကာကွယ်ခြင်းကိုမြှင့်တင်ရန်၊

(ဆ) ဒေသတွင်း နည်းပညာ မြင့်မားသည့် လုပ်ငန်းများတည်ထောင်နိုင်ရန် ဆွဲဆောင်ခြင်း၊ စက်မှုအစုအဖွဲ့များ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးမှုများပေးခြင်း နှင့် ဒေသတွင်း ရုပ်ပိုင်းဆိုင်ရာနှင့် နည်းစနစ်ဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှုမှတစ်ဆင့် ကမ္ဘာနှင့် ပေါင်းစည်းခြင်းများကို တိုးတက်စေခြင်း စသည့် အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည့် အာဆီယံ၏ ကမ္ဘာ့လုံးဆိုင်ရာ ပါဝင်မှုနှင့်ဒေသတွင်း တန်ဖိုးမြှင့်ထုတ်လုပ်မှုကွန်ယက်ချဲ့ထွင်မှုတို့ကို တိုးမြှင့်မည့် အစီအစဉ်များဆောင်ရွက်ရန်၊

## ခ-၅ အခွန်စည်းကြပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း

၃၅။ အခွန်စည်းကြပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းသည် အခွန်ဆိုင်ရာ အတားအဆီး များကို ဖြေရှင်းနိုင်ပြီး အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်မှုကို အထောက်အကူပြုသည့် အဓိက လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများတွင် လက်ရှိနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရန် ကတိပြုထားသည့် အောက်ပါလုပ်ငန်းများပါဝင်ပါသည်-

(က) အခွန်နှစ်ထပ်စည်းကြပ်မှု ဖယ်ရှားရန်အတွက် နှစ်နိုင်ငံအကြား အခွန်ဆိုင်ရာ သဘောတူစာချုပ်များ ကွန်ယက်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းနှင့် တိုးမြှင့်

ခြင်းများ ပြုလုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုကို ချဲ့ထွင်နိုင်မည့် အာဆီယံ၏ ကြွေးမြီ အာမခံချက်ဖြင့် စည်းကြပ် အခွန်ကောက်ခံမှုပုံစံကို ချဲ့ထွင်ခြင်းများ ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ သတင်းအချက်အလက်များ ဖလှယ်မှုကို တိုးမြှင့် အကောင်အထည်ဖော်ရန်၊

(ဂ) အခွန်နည်းစနစ်များ ခိုင်မာစေရန်အတွက် တွက်ချက်မှုများ ပြောင်းလဲခြင်းနှင့် အမြတ်ငွေ လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းနိုင်မည့် လုပ်ငန်းများကို ဆွေးနွေးရန်၊

(ဃ) အခွန်ကောက်ခံမှု တိုးမြှင့်စေရန်နှင့် ငွေကြေးလွှဲပြောင်းမှု ကွပ်ကဲခြင်းကို ချဲ့ထွင်စေရန် အတွက် ကမ္ဘာ့အခွန်ဆောင်ထားသည့် မှတ်ပုံတင်နံပါတ်များကို စစ်ဆေးရန်၊

(င) ပြည်တွင်းထုတ်ကုန်များအပေါ် အခွန်စည်းကြပ်ခြင်းကို ပူးပေါင်းဆောင်ရွက်ခြင်း နှင့် အာဆီယံဒေသတွင်း တူညီသည့် ဒေသထွက်ကုန်များနှင့် စပ်လျဉ်း၍ သတင်း အချက်အလက်များ ဖလှယ်ခြင်းများကို ဆောင်ရွက်ရန်၊

### ခ-၆ ကောင်းမွန်သော အုပ်ချုပ်မှု

၃၆။ အာဆီယံသည် အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်သည့် အာဆီယံစီးပွားရေး ၂၀၂၅ တည်ထောင် နိုင်ရန် သက်ဆိုင်သူ အားလုံးပါဝင်သည့် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း သတိပြုပါသည်။ အောက်ပါ မဟာဗျူဟာ လုပ်ငန်းများကို ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) အစိုးရ ကဏ္ဍ၏ ထင်သာမြင်သာရှိမှု နှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းပါဝင်မှုများဖြင့် အုပ်ချုပ်မှုခိုင်မာစေခြင်းဖြင့် အာဆီယံ၏ တာဝန်ယူမှုကို ပိုမိုတိုးတက်စေရန်၊

(ခ) အာဆီယံဒေသတွင်း အစိုးရ၏ ထင်သာမြင်သာရှိမှုနှင့် ပူးပေါင်းမှု မူဝါဒများ တိုးတက်ကောင်းမွန်ခြင်း၊ ထုတ်လုပ်မှုနှင့် ကဏ္ဍအလိုက် စီးပွားရေးဆိုင်ရာ အကျိုး ဖြစ်ထွန်းနိုင်မည့် လုပ်ငန်းများ တိုးတက်စေခြင်းများဖြင့် ပုဂ္ဂလိက ကဏ္ဍနှင့် အခြား သက်ဆိုင်သူများ ပူးပေါင်း ပါဝင်မှုကို တိုးချဲ့ရန်၊

### ခ-၇ ထိရောက်သော၊ စွမ်းဆောင်ရည် ပြည့်ဝသော၊ ကျိုးကြောင်း ဆီလျော်၍ လိုက်နာနိုင်သော စည်းမျဉ်းစည်းကမ်းများနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု အလေ့အထ

၃၇။ စီမံအုပ်ချုပ်မှုဆိုင်ရာ ဝန်းကျင်သည် လုပ်ငန်းဆောင်ရွက်မှုများ၏ အပြုအမူနှင့် လုပ်ဆောင်ချက်အပေါ် အစဉ်တစ်စိုက် အကျိုးသက်ရောက်စေပါသည်။ ယှဉ်ပြိုင်နိုင်စွမ်း ရှိသော၊ တက်ကြွသော၊ ဆန်းသစ်တီထွင်သော၊ ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာသော အာဆီယံ ဖြစ်ပေါ်လာစေရန်အတွက် စည်းမျဉ်းစည်းကမ်းများ တစ်ပြေးညီဖြစ်စေခြင်း၊ ယှဉ်ပြိုင် နိုင်စွမ်းအားကို ဖြစ်ပေါ်စေခြင်း၊ ထိရောက်မှုရှိခြင်း၊ ကျိုးကြောင်း ဆီလျော်ကိုက်ညီမှု ရှိခြင်းနှင့် စွန့်ဦးတီထွင်မှုများပါဝင်ခြင်းတို့ဖြစ်ရန်လိုအပ်ပြီး ကောင်းမွန်သော စီမံအုပ်ချုပ်မှု

များပါဝင်သည့် တာဝန်ခံမှု၊ တုံ့ပြန်မှုမြင့်မားသည့် စီမံအုပ်ချုပ်မှုစနစ်တစ်ခု ဖြစ်ပေါ်ရန် လိုအပ်ပါသည်။ လူမှုအဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းများ မှန်ကန်ဆီလျော်စွာ ဆောင်ရွက်နိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းများ မရှိမဖြစ်လိုအပ်သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာမှုစရိတ် အနည်းဆုံးဖြင့် သတ်မှတ်ပြဋ္ဌာန်းနာများကို ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ခြင်း နှင့် စည်းမျဉ်းစည်းကမ်းများအပေါ် ထင်ယောင်ထင်မှားဖြစ်ခြင်းနှင့် အကျိုးအကြောင်း မဆီလျော်ခြင်းတို့မှ ကာကွယ်နိုင်ရေး ကိစ္စရပ်များသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

၃၈။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုကွာခြားချက်အရ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှု ဖြစ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံအများစု၌ မူဝါဒနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများကို ပြုလုပ်ရန်လိုအပ်မည်ဖြစ်သည်။ အာဆီယံ စီးပွားရေး အသိုက်အဝန်းတည်ဆောက်မှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် မှန်ကန်သည့် စီမံအုပ်ချုပ်မှုနှင့် အဖွဲ့အစည်း ဆိုင်ရာ တိုးတက်မှု ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်မှု၊ လူမှုရေး၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပြောင်းလဲမှုများနှင့် အရေးတကြီး ဆောင်ရွက်ရန် လိုအပ် ချက်များအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ဆီလျော်မှုရှိသော၊ ခိုင်မာသော၊ ထိရောက်မှု ရှိသော၊ ကြောင်းကျိုးဆက်စပ်မှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ တာဝန်ခံမှု ရှိသော၊ ရေရှည် မျှော်မှန်းသည့် စီမံအုပ်ချုပ်မှု စနစ် နှင့် အကောင်အထည်ဖော်မှုများကို တိကျစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် အာဆီယံသည် ပို၍ သက်ဝင်လှုပ်ရှားသော အာဆီယံ စီးပွားရေး အသိုက်အဝန်း ၂၀၂၅ အဖြစ် တည်ဆောက်သွားရန်အတွက် ဆက်နွယ်သူအားလုံးနှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပြီး အထူးသဖြင့် ပိုမိုတုံ့ပြန်မှု အားကောင်းသော အာဆီယံ ဒေသအဖြစ် မြှင့်တင်နိုင်ရန်အတွက် အစိုးရကဏ္ဍတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါ သည်။

၃၉။ အောက်ပါမဟာဗျူဟာမြောက် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) စည်းမျဉ်းစည်းကမ်းများသည် ယှဉ်ပြိုင်နိုင်စွမ်းအားကိုဖြစ်ပေါ်စေခြင်း၊ ရည်မှန်း ချက်များနှင့် ကိုက်ညီခြင်း၊ တန်းတူဖြစ်စေရန်၊

(ခ) ဒေသတွင်း လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်စေရန်အတွက် လက်ရှိ ဆောင်ရွက်နေသည့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည် သုံးသပ်ရန် လိုအပ်ပါက ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေးနှင့် ဖျက်သိမ်းရေးတို့အတွက် သင့်လျော်သည့် နည်းလမ်းများဖြင့် ထောက်ခံအကြံပြုချက်များ ပြုလုပ်ရန်၊

(ဂ) ကောင်းမွန်သော စီမံခန့်ခွဲမှုစနစ် တည်ဆောက်ရန်နှင့် ဆက်နွယ်သူအားလုံးကို စည်းမျဉ်း စည်းကမ်းများ သိရှိလိုက်နာစေရန် ကြုံတွေ့ရမည့် အခက်အခဲများကို နည်းပညာ နှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်များဖြင့် ဖြေရှင်း

ဆောင်ရွက်ရန် ၊ အာဆီယံဒေသတွင်း ပုဂ္ဂလိက ကဏ္ဍနှင့်ပူးပေါင်း ဆောင်ရွက်မှု ချဲ့ထွင်ခြင်းနှင့် လိုက်လျောညီထွေမှုရှိသော၊ ပွင့်လင်းမြင်သာသော၊ မဟာဗျူဟာကျသော အစိုးရ မူဝါဒများနှင့် စက်မှုနှင့် အခြား ကဏ္ဍများတွင် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် ဆက်နွယ်သူများ ပါဝင်စေခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) ဒေသတွင်း တိုးတက်မှုများနှင့် အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေမည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဆောင်ရွက်မှုများတွင် ရည်မှန်းချက်များနှင့် ပန်းတိုင်များကို ဦးတည်၍ စီမံအုပ်ချုပ်မှုဆိုင်ရာ ကာလအလိုက် ပြန်လည်သုံးသပ်ခြင်းနှင့် ပြောင်းလဲမှုများအပေါ် ပုံမှန်အကဲဖြတ်ခြင်းများ ဆောင်ရွက်ရန်၊

(င) အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီ၏ ဖွံ့ဖြိုးမှုအခြေအနေမတူညီမှုများ၊ ဖွံ့ဖြိုးမှုလိုအပ်ချက်များနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒများအား ထည့်သွင်းစဉ်းစားလျှက် စီမံအုပ်ချုပ်မှုဆိုင်ရာ ကနဦး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်း (OECD) နှင့် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသနဌာန (ERIA) ကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာဗဟုသုတ မျှဝေသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

## ခ-၈ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

၄၀။ အာဆီယံသည် ဒေသတွင်းဖွံ့ဖြိုးမှုအတွက် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နည်းဗျူဟာကျသည့် အဓိကအစိတ်အပိုင်းတစ်ခု အဖြစ် အရေးပါကြောင်း အသိအမှတ်ပြုပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် အပြန်အလှန် အထောက်အပံ့ပြုလျက်ရှိပါသည်။ အာဆီယံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အပါအဝင် သန့်ရှင်းသောစွမ်းအင်နှင့် ဆက်စပ် နည်းပညာများ အသုံးပြုမှုကို မြှင့်တင်ခြင်း၊ ရေရှည်သုံးစွဲမှုများနှင့် ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် ယင်းတို့ကို အမျိုးသားဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ထည့်သွင်းခြင်းတို့ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို ဖော်ထုတ်ကာ သဘာဝဝန်းကျင်ကို မထိခိုက်စေသည့် ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပါသည်။

၄၁။ အောက်ပါမဟာဗျူဟာမြောက် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အထောက်အပံ့ပေးမည့် မူဝါဒများ ချမှတ်ရန် နှင့် ချမှတ်ထားသည့် ရည်မှန်းချက်များရောက်ရှိ စုပေါင်းဆောင်ရွက်ရန်၊

(ခ) အာဆီယံသည် စွမ်းရည်ပြည့်ဝပြီး ကာဗွန်ပါဝင်မှု နည်းသော နည်းပညာများ အသုံးပြုခြင်းကို အထောက်အကူပြုသော မူဘောင်တစ်ခု ဖော်ထုတ်ရန်အတွက် လိုအပ်သည့် ကာဗွန်ပါဝင်မှု နည်းသော နည်းပညာနှင့် နည်းလမ်းများကို နိုင်ငံတကာမှ အကူအညီများဖြင့် ဆောင်ရွက်ရန်၊

(ဂ) သယ်ယူပို့ဆောင်ရေးတွင် ဇီဝလောင်စာများ တိုးမြှင့်အသုံးပြုရန်အတွက် ဒေသတွင်း ဇီဝလောင်စာများ လွတ်လပ်စွာ ကုန်သွယ်မှု ပြုနိုင်ရေးနှင့် တတိယ မျိုးဆက် ဇီဝလောင်စာများအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေးတို့ ဆောင်ရွက်ရန်၊

(ဃ) အာဆီယံမဟာဓာတ်အားလိုင်း (APG) မူဘောင် အောက်ရှိ နိုင်ငံပေါင်းစုံ လျှပ်စစ်ဓါတ်အား ကုန်သွယ်ရေးနှင့် အာဆီယံ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း (TAGP) အောက်ရှိ ထုထည်ကြီးမားသည့် သဘာဝဓာတ်ငွေ့အရည် (LNG) ပူးပေါင်း ဆောင်ရွက်ရေးတို့ အပါအဝင် အာဆီယံဒေသတွင်း ပေါင်းစည်း ဆက်သွယ်မှု တိုးမြှင့်စေရေး ဆောင်ရွက်ရန်၊

(င) အစားအစာဆိုင်ရာ မျှော်မှန်းထားသော အနာဂတ်လိုအပ်ချက်များ ကိုက်ညီစေရေး နှင့် လုံခြုံစိတ်ချမှု ရှိစေရေးတို့အတွက် အစားအသောက်နှင့် စိုက်ပျိုးရေး ကဏ္ဍများတွင် ထုတ်လုပ်မှု တိုးမြှင့်ရန်နှင့် ထုတ်လုပ် ပြီးနောက် ဆုံးရှုံးမှုများကို လျှော့နည်းစေရန် အခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကို သတ်မှတ်ခြင်း၊ လက်ရှိ ရင်းနှီးမြှုပ်နှံမှု အစီအစဥ် များအပေါ် သုံးသပ်ခြင်းနှင့် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန်၊

(စ) အစားအစာလုံခြုံစိတ်ချမှု သေချာစေရေး၊ ကျန်းမာရေး/ပိုးမွှားရောဂါနှင့် ပတ်ဝန်း ကျင်ဆိုင်ရာကိစ္စရပ်များ အထူးသဖြင့် aquaculture ၊ livestock နှင့် horticuluture ဆိုင်ရာ ကဏ္ဍခွဲများ၏ လျှင်မြန်စွာကြီးထွားလာမှုတို့အား ဖြေရှင်းရန် အတွက် နည်းပညာအသစ်နှင့် သင့်လျော်သည့် နည်းပညာများ တိုးတက်ဖြစ်ပေါ် စေရန်နှင့် ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများနှင့် စီမံခန့်ခွဲမှုစနစ်များ တိုးတက်ဖြစ်ပေါ်စေရန်

(ဆ) မြေဆီလွှာ၊ သစ်တောများ၊ သောက်သုံးရေနှင့် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချရန်တို့ကဲ့သို့သော သဘာဝရင်းမြစ်များအပေါ် ဆန့်ကျင်ဘက်အကျိုးသက် ရောက်မှုများ နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးအလေ့ အကျင့်ကောင်းများ မြှင့်တင်ဆောင်ရွက်ပေးရန်၊

(ဇ) သစ်တောနှင့် လူတို့သာယာဝပြောရေး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သစ်တော နှင့် သစ်တောပတ်ဝန်းကျင်တွင်နေထိုင်မှုများနှင့် ပတ်သက်သည့် သစ်တောများစီမံ ခန့်ခွဲမှုပညာကိုမြှင့်တင်ရန်၊

## ခ-၉ ကမ္ဘာလုံးဆိုင်ရာကြီးမားသည့်ပြောင်းလဲတိုးတက်မှုများနှင့်အသစ်ပေါ်ထွက်လာသည့် ကုန်သွယ်မှုနှင့် ဆက်စပ်သည့်ကိစ္စရပ်များ

၄၂။ ဒေသ၏စီးပွားရေးဖြစ်ထွန်းမှု တည်တံ့ရန်နှင့် မြှင့်တင်ရန်နှင့် အရည်အသွေးပြည့်ဝသော လူမှုဘဝများ တိုးတက်ဖြစ်ပေါ်လာစေရန် ၂၀၂၅ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံတွင် ကမ္ဘာလုံးဆိုင်ရာကြီးမားသည့်ပြောင်းလဲတိုးတက်မှုများနှင့် အသစ်ပေါ်ထွက်လာသည့် ကုန်သွယ်မှုနှင့်ဆက်စပ်သည့်ကိစ္စရပ်များအပေါ် မည်သို့ဆောင်ရွက်ရန် သင့်လျော်သည့် မဟာဗျူဟာ ပါဝင်မည် ဖြစ်ပါသည်။

၄၃။ အာဆီယံအနေဖြင့် စက်မှုလုပ်ငန်းများဆက်ဆံရေးဝန်းကျင်တစ်ရပ် ပေါ်ထွက်လာစေရန် နှင့် ထိန်းသိမ်းထားရှိရန်လိုအပ်မည်ဖြစ်ပြီး ယင်းက အာဆီယံပေါင်းစည်းရေးတွင် စက်မှုကဏ္ဍမြှင့် တင်ရန်နှင့် အလုပ်သမားအခွင့်အရေးများ မျှတစွာရရှိရေးစီမံခန့်ခွဲရန်အတွက် သင်ကြားရေး စင်တာများကဲ့သို့ လုပ်သားနှင့်စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းကို ချောမွေ့နိုင်သမျှ ချောမွေ့စေမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် စီးပွားရေးလုပ်ငန်းများအပေါ် တာဝန်ရှိမှုကိုဝေမျှယူသည့် လူမှုရေးဆွေးနွေးညှိနှိုင်းမှုများလုပ်ငန်းစဉ်ကို နက်ရှိုင်းစေမှုနှင့် စီးပွားရေးလုပ်ငန်းများ၊ လုပ်သားများနှင့် အစိုးရအကြား တကွဲတပြားဆောင်ရွက်ခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ဆောင်ရွက်ရာရောက်သဖြင့် ယှဉ်ပြိုင်နိုင်မှုကို ပိုမိုကျယ်ပြန့် စေခြင်း၊ ဆန်းသစ်မှုများဖြစ်ပေါ်ခြင်းနှင့် အာဆီယံနိုင်ငံများ၏ ပါဝင်မှုကို ဖြစ်ပေါ်စေပါသည်။

၄၄။ ကမ္ဘာလုံးဆိုင်ရာ နယ်စပ်ဖြတ်ကျော်စီးဆင်းမှုများနှင့် ဒေသတွင်းဆက်သွယ်မှုချဲ့ထွင်ရန်နှင့် ဒီဂျစ်တယ်နည်းပညာ အရှိန်အဟုန်ဖြင့် မြှင့်တင်ရန်၊ အပြည်ပြည်ဆိုင်ရာထုတ်လုပ်မှု၊ ကုန်သွယ်မှု နှင့်ရင်းနှီးမြှုပ်နှံမှုတို့ တိုးမြှင့်သတ်မှတ်ခြင်းကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ အလားအလာများအပေါ် အရင်းအနှီးပြုပေးခြင်းဖြင့် အာဆီယံသည် ဒေသတွင်းပေါင်းစည်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက် ရှိပါသည်။

## ဂ. ပေါင်းစပ်ဆက်သွယ်မှုနှင့် ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း

၄၅။ အာဆီယံပေါင်းစပ်ဆက်သွယ်ရေးဆိုင်ရာ မဟာစီမံကိန်း၏ မျှော်မှန်းချက်နှင့် ပန်းတိုင် များကို အထောက်အပံ့ပြုခြင်းနှင့် ယင်းနှင့်အညီ ၎င်းသွင်ပြင်လက္ခဏာများ၏ အဓိကရည်ရွယ် ချက်များမှာ ပို့ဆောင်ရေး၊ တယ်လီဆက်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများအပါအဝင် ကဏ္ဍစုံ စီးပွားရေးပေါင်းစပ်ဆက်သွယ်မှုကိုမြှင့်တင်ခြင်း၊ ပေါင်းစည်းရေးလုပ်ငန်းစီမံချက်၏ ပန်းတိုင် များနှင့် အမြင်များ၊ ၎င်းတို့ကိုဆက်ခံသည့် စာရွက်စာတမ်းများနှင့်အညီ အဓိကကဏ္ဍများတွင် ပိုမိုပေါင်းစည်းရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အာဆီယံနှင့်ဒေသတွင်း ခိုင်မာသည့် အပျော့ ထည်နှင့် အမာထည်ကွန်ယက်များ၏ ယှဉ်ပြိုင်မှုအလုံးစုံတိုးတက်မှုတွင် ၎င်းတို့၏ အထောက်

အပံ့များ တိုးမြှင့်ရန် ရည်ရွယ်ချက်နှင့်အတူ လက်ရှိကြိုးစားအားထုတ်မှုများမှ ပူးပေါင်းဆောင်ရွက်မှု ရေရှည်တည်တံ့မှုရှိသော စီးပွားရေးဒေသ တစ်ခုဖန်တီးရန် ဖြစ်ပါသည်။

## ၈-၁ ပို့ဆောင်ရေး

၄၆။ ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ မျှော်မှန်းချက်သည် ကြီးမားကျယ်ပြန့်သော ပေါင်းစပ်ဆက်နွယ်မှု၊ ကျွမ်းကျင်မှု၊ ပေါင်းစည်းမှု၊ လုံခြုံဘေးကင်းမှုနှင့် အာဆီယံပို့ဆောင်ရေး ရေရှည်တည်တံ့မှုတို့သည် အာဆီယံယှဉ်ပြိုင်မှု ခိုင်မာစေရန်နှင့် တိုးတက်မှုနှင့်ဖွံ့ဖြိုးမှုအပါအဝင် ဒေသတွင်းတိုးတက်ဖြစ်ထွန်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် အားပေးမြှင့်တင်မှုများကို ရှေ့ရှု ဖြစ်ပေါ်စေပါသည်။

၄၇။ အာဆီယံပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုသည် ကုန်းလမ်းပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနယ်ပယ်နှင့် ပို့ဆောင်ရေးလွယ်ကူချောမွေ့စေရေးများကို ဆက်လက်စူးစိုက်ဆောင်ရွက်မည်ဖြစ်ပြီး ပို့ဆောင်ရေးကဏ္ဍကို ရေရှည်တည်တံ့ပြီး ရမည့်ကဏ္ဍအဖြစ် အဓိကစူးစိုက်ဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ အကျိုးဝင်စေပါသည်။

၄၈။ မဟာဗျူဟာကျသည့် ဆောင်ရွက်မှုတွင် အောက်ပါကိစ္စရပ်များပါဝင်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေး- အောက်ပါ အဓိဆောင်ရွက်ချက်များမှတဆင့် ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် အာဆီယံနိုင်ငံများအတွင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပြည့်စုံသော၊ ဘေးကင်းသော၊ပေါင်းစည်းထားသည့် ဒေသဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ကွန်ယက်တစ်ခု တည်ထောင်ရန်-

(၁) ကုန်းလမ်းပို့ဆောင်ရေး အခြေခံအဆောက်အအုံများ (ကားလမ်းနှင့် ရထားလမ်း) ပေါင်းစည်းခြင်းနှင့် inter-modal interconnectivity ကိုအဓိကလေဆိပ်များ၊ ဆိပ်ကမ်းများနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ဖယ်ရီများချိတ်ဆက်မှုများဖြင့် အောင်မြင်မှုရရှိစေရန်

(၂) အာဆီယံကုန်းလမ်းပို့ဆောင်ရေး ကုန်သွယ်မှုစကြံ ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒနှင့် လုပ်ငန်းလည်ပတ်မှုအဆင့်၌ စုပေါင်းအားနှင့် ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ရန်

(ခ) လေကြောင်းပို့ဆောင်ရေး- ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ခိုင်မာတောင့်တင်းကာ အလွယ်တကူမပျက်စီးနိုင်သည့် အာဆီယံဖြစ်စေရန်အတွက် တစ်ခုတည်းသော

အာဆီယံလေကြောင်းဈေးကွက်တစ်ခုဖြစ်ပေါ်လာစေရန် အောက်ပါအဓိက ကိစ္စရပ်များမှတဆင့် ဆောင်ရွက်ကြမည်ဖြစ်ပါသည်-

(၁) အာဆီယံကောင်းကင်ယံတွင်ပိုမိုလုံခြုံစိတ်ချရပြီးအန္တရာယ်ကင်းရှင်းစေရေး

(၂) လေကြောင်းလမ်းများ ထိန်းသိမ်းရေးစီမံခန့်ခွဲမှု အရည်အသွေးပြည့်ဝစေရေးနှင့် ကျွမ်းကျင်စေရေးနှင့် အကြားအလပ်မရှိသွားလာနိုင်သည့် အာဆီယံဝေဟင်အရည်အသွေးတိုးမြှင့်ခြင်း၊

(၃) ဆွေးနွေးဘက်နိုင်ငံများနှင့် လေကြောင်းဆိုင်ရာ သဘောတူစာချုပ်များ အပြီးသတ်ချုပ်ဆိုနိုင်ရေးအပါအဝင် ပိုမိုကျယ်ပြန့်သည့် ပေါင်းစပ်ဆက်နွယ်မှု မြှင့်တင်ခြင်း၊

(ဂ) ပင်လယ်ရေကြောင်းပို့ဆောင်ရေး- အာဆီယံတစ်ခုတည်းသော သင်္ဘောပို့ဆောင်ရေးဈေးကွက် တည်ထောင်ရန်နှင့် အာဆီယံဒေသတွင်း ဘေးကင်းလုံခြုံမှုနှင့် မဟာဗျူဟာကျသည့် စီးပွားရေးစကြံ်တစ်ခုပေါ်ပေါက်လာစေရန် အောက်ပါကိစ္စရပ်များမှတဆင့် ဆောင်ရွက်ကြရပါမည်-

(၁) အာဆီယံဒေသတွင်း ပင်လယ်ရေကြောင်းဆက်သွယ်မှုအား အာဆီယံတစ်ခုတည်းသော သင်္ဘောပို့ဆောင်ရေးဈေးကွက် ထူထောင်ခြင်းမှတဆင့် အာဆီယံဒေသအတွင်း ပင်လယ်ရေကြောင်း ပေါင်းစပ်ဆက်သွယ်မှုနှင့် အာဆီယံ ဒေသတွင်း ပင်လယ်ရေကြောင်း ဘေးကင်းလုံခြုံမှုအပါအဝင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းအဖွဲ့၏ ပေါင်းစည်းထားသော၊ အရည်အချင်းပြည့်ဝပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ပင်လယ်ရေကြောင်းပို့ဆောင်ရေး ပေါ်ထွက်လာရေးအတွက် ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှု ခိုင်မာလာစေရေး ဆက်လက်ဆောင်ရွက်ရန်

(၂) မဟာဗျူဟာကျသည့် ပင်လယ်ရေကြောင်း ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းများ တိုးတက်အောင် ဆောင်ရွက်ခြင်း၊

(ဃ) ပို့ဆောင်ရေးလွယ်ကူချောမွေ့စေရေး- အာဆီယံဒေသတွင်းနှင့် အာဆီယံပြင်ပတွင် ကုန်းလမ်းပို့ဆောင်ရေးယာဉ်များနှင့် ကုန်ကားများ၊ ခရီးသွားလာသူများ အကြားအလပ်မရှိ သွားလာနိုင်ရေးအတွက် ပေါင်းစည်းထားပြီး၊ စွမ်းရည် ပြည့်ဝကာ ကမ္ဘာနှင့်ချီ၍ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဘက်စုံပို့ဆောင်ရေးစနစ်တစ်ခု ထူထောင်ရန် အောက်ပါအဓိကကိစ္စရပ်များ မှတဆင့် ဆောင်ရွက်သွားကြမည် ဖြစ်ပါသည်-

(၁) နယ်စပ်ဖြတ်ကျော် ကုန်စည်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး ဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီမှုစာချုပ်၊ နိုင်ငံအချင်းချင်း သယ်ယူ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ အာဆီယံမူဘောင် သဘောတူ စာချုပ်နှင့် ပုံစံစုံသယ်ယူပို့ဆောင်ရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် များ လုပ်ငန်းလည်ပတ်စေရန်၊

(၂) ကုန်းလမ်းပို့ဆောင်ရေးယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေး ဆိုင်ရာ အာဆီယံမူဘောင် သဘောတူစာချုပ်အား လုပ်ငန်းလည်ပတ်စေရန်

(၃) အာဆီယံပြင်ပပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေး အပါအဝင် ဒေသတွင်း ပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မှု ထပ်မံ တိုးတက်ဖြစ်ပေါ်စေရန် အရည်အချင်းနှင့် ကျွမ်းကျင်မှုများ တိုးတက်အောင် ဆောင်ရွက်ခြင်း၊

(င) စဉ်ဆက်မပြတ်ပို့ဆောင်ရေးတိုးတက်ဖွံ့ဖြိုးမှု- ကာဗွန်ပါဝင်မှု နည်းပါးသော ပို့ဆောင်ရေးနည်းလမ်းများ၊ စွမ်းအင်လုံလောက်မှုနှင့် ပို့ဆောင်ရေး အသုံးပြု သူများ လွယ်ကူစေသည့် အစီအစဉ်များ၊ ပို့ဆောင်ရေး ပေါင်းစည်းဆက်နွယ်မှု များနှင့် ကုန်းလမ်းအသုံးပြုမှု အစီအစဉ်များ ပါဝင်သည့် စဉ်ဆက်မပြတ် ပို့ဆောင် ရေးအား အထောက်အပံ့ဖြစ်စေသည့် ဒေသဆိုင်ရာမူဝါဒ မူဘောင် တစ်ခုရေးဆွဲရန်၊

၄၉။ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များသည် စီးပွားရေးအခွင့်အလမ်းများနှင့် ဝန်ဆောင်မှု များချဲ့ထွင်ရန် လွယ်ကူချောမွေ့စေခြင်းနှင့် ပြည်သူများအား ပို့ဆောင်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်နှင့် လုပ်ငန်းများရွှေ့ပြောင်းလုပ်ကိုင်နိုင်ခွင့်များပေးခြင်း၊ MSMEs များ အပါအဝင် လုပ်ငန်းသစ်များအတွက် အခွင့်အလမ်းများ တိုးတက်မှုရရှိစေရန် ပို့ဆောင်ရေး အထောက်အပံ့ပြုခြင်းတို့က သက်သေပြုမည်ဖြစ်ပြီး ယင်းက ဒေသတွင်းပေါင်းစည်းမှုကို အလား အလာကောင်းများ အပြည့်အဝရရှိမှုအတွက် အဓိကစွမ်းဆောင်သူဖြစ်လာမည် ဖြစ်ပါသည်။

## ဂ-၂ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ

၅၀။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် အာဆီယံစီးပွားရေးနှင့် လူမှုရေး ကဏ္ဍပြောင်းလဲမှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်ကို အသိအမှတ်ပြုပါသည်။ အာဆီယံတွင် ပေါင်းစပ်ယှက်နွယ်မှုနှင့်အတူ ခိုင်မာသောသတင်းနှင့် ဆက်သွယ်မှုနည်းပညာသည် စီးပွားရေး ပတ်ဝန်းကျင်တစ်ခုဖန်တီးရာတွင် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးနိုင်ပြီး၊ ယင်းက ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွန့်ဦးတီထွင်မှုများကို ဆွဲဆောင်နိုင်ခြင်းနှင့် မြှင့်တင်ပေးရာကို လည်း ရောက်စေပါသည်။ အာဆီယံသည် နည်းပညာကွာဟမှုမရှိအောင် တံတားသဖွယ် ဦးစားပေး

ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး အားလုံးသောအသိုက်အဝန်းများနှင့် စီးပွားရေး လုပ်ငန်းများ အနေဖြင့် သတင်းနှင့် ဆက်သွယ်မှုနည်းပညာကို အတည်ပြုခြင်းဖြင့် အကျိုးကျေးဇူး ရရှိနိုင်မည်မှာ သေချာမည် ဖြစ်ပါသည်။

၅၁။ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ ရည်မှန်းချက်သည် ပြီးခဲ့သည့် အာဆီယံ အိုင်စီတီ မဟာစီမံကိန်း အောင်မြင်မှုအပေါ်တွင် တည်ဆောက်ရမည်ဖြစ်ပါသည်။ အဆိုပါ ၂၀၂၅ ရည်မှန်း ချက်သည် အာဆီယံကို နည်းပညာအရ စွမ်းဆောင်နိုင်သည့် စီးပွားရေးကို ရည်မှန်းရန် ဖြစ်ပြီး ယင်းက လုံခြုံမှု၊ ရေရှည်တည်တံ့မှုနှင့် ပြောင်းလဲရ လွယ်ကူမှုတို့ကို ရရှိစေမည့်အပြင် အဆိုပါ အိုင်စီတီသည် စွန့်ဦးတီထွင်နိုင်သော၊ ပါဝင်သော၊ ပေါင်းစည်းစေနိုင်သော အာဆီယံကို ဖြစ်ပေါ် စေမည်ဖြစ်ပါသည်။ မဟာဗျူဟာကျသော ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင် ပါသည်-

(၁) စီးပွားရေးပြုပြင်ပြောင်းလဲမှု- စီးပွားရေးဖွံ့ဖြိုးမှုနှင့် အာဆီယံတွင် နည်းပညာ ကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် အိုင်စီတီကို အသုံးချမှုနှင့် ညှိနှိုင်းဆောင်ရွက်မှု တို့ဖြင့် ထပ်မံတိုးချဲ့လုပ်ဆောင်ရမည် ဖြစ်ပါသည်။

(၂) အိုင်စီတီမှတဆင့် လူထုပေါင်းစည်းမှုနှင့် လူထုအင်အား- နည်းပညာပါဝင်မှု ဆောင်ရွက်ချက်များ ခိုင်မာတောင့်တင်းခြင်းဖြင့် လူတစ်ဦးချင်းစီ၏ လုပ်ပိုင်ခွင့်များ ပိုမိုရရှိလာမည်ဖြစ်ပြီး စွမ်းဆောင်နိုင်သည့် အသိုက်အဝန်းဖွံ့ဖြိုးမှုနှင့် အာဆီယံတွင် မြန်နှုန်းမြင့်အင်တာနက် ချိတ်ဆက်စနစ်များနှင့် သုံးစွဲနိုင်မှုများ မြှင့်တင်ရန် နည်းလမ်းရှာဖွေရန်၊

(၃) ဆန်းသစ်တီထွင်မှု-Smart City နှင့် Big Data and Analytics တို့ကဲ့သို့သော နည်းပညာအသစ်ဖွံ့ဖြိုးမှုအပါအဝင် အိုင်စီတီ တီထွင်ဆန်းသစ်မှု၊ စွန့်ဦးတီထွင်မှု များကို အထောက်အပံ့ပြုရန်

(၄) အိုင်စီတီအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု- အထူးသဖြင့် ကျေးလက်ဒေသ များတွင် အိုင်စီတီအခြေခံအဆောက်အအုံနှင့် ပေါင်းစပ်ယှက်နွယ်မှုတို့ကို တိုးတက် အောင် ဆောင်ရွက်ရန်နှင့် ရေအောက်ဆက်သွယ်ရေးလိုင်းများ အပါအဝင် အိုင်စီတီ အခြေခံအဆောက်အအုံကို ရေရှည်တည်တံ့ခိုင်မြဲစေရန် မြှင့်တင်ဆောင်ရွက်နိုင် မည့် လုပ်ငန်းများ တိုးတက်ဖြစ်ပေါ်စေရန်

(၅) လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှု- အာဆီယံဒေသတွင်း အိုင်စီတီအသက်မွေး ဝမ်းကျောင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် ဆောင်ရွက်ရန်

(၆) တစ်ခုတည်းသော ဈေးကွက်ထဲမှ အိုင်စီတီ- အာဆီယံတွင် အပြည်ပြည်ဆိုင်ရာ မိုဘိုင်းဖုန်းခေါ်ဆိုခများ လျော့နည်းစေရေး ဆောင်ရွက်ရန်အပါအဝင် အိုင်စီတီ ကုန်စည်များ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ အာဆီယံဒေသတွင်းသို့ ပိုမိုလွတ်လပ်စွာ စီးဝင်စေရန်

(၇) သစ်လွင်သော လူထုဆက်သွယ်မှု (မီဒီယာ)လုပ်ငန်း- အာဆီယံ ဒေသတွင်း အီး-ဝန်ဆောင်မှု လုပ်ငန်းများနှင့် သစ်လွင်သော လူထုဆက်သွယ်မှု(မီဒီယာ) အသုံးပြုမှုနှင့် ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုအားပေးဆောင်ရွက်ရန်

(၈) သတင်းလုံခြုံမှုနှင့် သေချာစေမှု- ယုံကြည်ရသော ဆိုင်ဘာ (cyber) လုံခြုံရေးနှင့် ကိုယ်ရေးအချက်အလက်များကို အကာအကွယ်ပေးရန် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ဆောင်ရွက်မှုများမှတဆင့် ယုံကြည်စိတ်ချရသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် နည်းပညာရပ်တစ်ခုတည်ဆောက်ရန်

## ၀-၃ E-Commerce

၅၂။ ကမ္ဘာလုံးဆိုင်ရာ အီး- ကူးသန်းရောင်းဝယ်ခြင်း (E-Commerce) သည် ကမ္ဘာ့စီးပွားရေး ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခုအဖြစ် ကြီးထွားလာပြီး retailer's multi-channel strategy အစိတ်အပိုင်းတစ်ခုကဲ့သို့ ဖြစ်လာပါသည်။ အိုင်စီတီမှတဆင့် ကမ္ဘာတစ်ဝှမ်းလုံး အပြန်အလှန်ချိတ်ဆက်ခြင်းသည် E-Commerce အား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု သာမက ကြားခံဝန်ဆောင်မှုအထောက်အပံ့မှတဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှု လွယ်ကူချောမွေ့စေမှုအတွက်ပါ အဓိကအခန်းကဏ္ဍတစ်ရပ် ဖြစ်စေပါသည်။ E-Commerce သည် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စရိတ်စကများကို သိသာစွာလျှော့ချပေးနိုင်မည်ဖြစ်ပြီး အထူးသဖြင့် MSMEs များကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

၅၃။ ယင်း အလားအလာရှိသည့် E-Commerce လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် အမြင်ဖြင့် အာဆီယံတွင် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုကို အထောက်အကူဖြစ်စေရန် အာဆီယံသည် ၂၀၀၀ ခုနှစ် နိုဝင်ဘာလတွင် အာဆီယံ ခေါင်းဆောင်များမှ ချမှတ်ခဲ့သည့် အာဆီယံမူဘောင်သဘောတူစာချုပ်၏ အပိုဒ်(၅)အရ E-Commerce ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ရန် ပိုမိုအရှိန်မြှင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အာဆီယံ၌ နယ်စပ်ဖြတ်ကျော် E-Commerce ဆက်သွယ်ဆောင်ရွက်မှုများအား အစဉ်ပြေချောမွေ့စေရန် E-Commerce ဆိုင်ရာ အာဆီယံ သဘောတူစာချုပ် တိုးတက်ဖြစ်ပေါ်စေရန် အမြင်ဖြင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကန့်သတ်မှုမပြုထားသည့် အောက်ပါမဟာဗျူဟာများအား ထည့်သွင်းရမည် ဖြစ်ပါသည်-

(၁) စည်းဝါးညီညွတ်မှုရှိသည့် စားသုံးသူအခွင့်အရေးများနှင့် အကာအကွယ်ပေးသည့် ဥပဒေများ

(၂) မှီငြမ်းနိုင်မည့် အပြည်ပြည်ဆိုင်ရာစံနှုန်းများကို ထည့်သွင်းစဉ်းစားပြီး အွန်လိုင်း အငြင်းပွားမှု ဖြေရှင်းရန်အတွက် စည်းဝါးညီညွတ်မှုရှိသည့် ဥပဒေမူဘောင်

(၃) ဒေသတွင်းတွင် လုပ်ငန်းဆောင်ရွက်နိုင်သော၊ အပြန်အလှန် အသိအမှတ်ပြုသော၊ လုံခြုံသော၊ ယုံကြည်ရသော၊ သုံးစွဲသူများအသုံးရလွယ်ကူသော အီလက်ထရောနစ် နည်းဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်ပြီး၊ သုံးစွဲသူ၏ အချက်အလက်များနှင့် electronic လက်မှတ်ပါဝင်သည့် ခွင့်ပြုမိန့်အစီအစဉ်

(၄) ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား ကာကွယ်ရန်အတွက် ကောင်းမွန်ပြီး ဘက်စုံပါဝင်သော မူဘောင်

## ၈-၄ စွမ်းအင်

၃၄။ အားလုံးအတွက် စွမ်းအင်လုံခြုံမှု၊ သုံးစွဲခွင့်ရရှိမှု၊ သုံးစွဲရန်တတ်နိုင်မှုနှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုတို့ ရရှိနိုင်ရန် လက်ခံနိုင်မှုနှင့် ထိန်းသိမ်းနိုင်မှုတို့ကို အောင်မြင်စွာရရှိစေရန်အတွက် အာဆီယံဒေသတွင်း စွမ်းအင်ပေါင်းစပ်ယှက်နွယ်မှုနှင့် ဈေးကွက်ပေါင်းစည်းမှု မြှင့်တင်ခြင်းဟူ သော မဟာဗျူဟာဆောင်ပုဒ်နှင့်အညီ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုအတွက် ဆောင်ရွက်ရန် အစီ အစဉ် (၂၀၁၆-၂၀၂၅)ကို အပိုင်း (၂) ပိုင်းခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်သည်။ အပိုင်း(၁) (၂၀၁၆-၂၀၂၀)နှင့် အပိုင်း(၂)(၂၀၂၁-၂၀၂၅) တို့ဖြစ်သည်။ မဟာဗျူဟာကျသော ဆောင်ရွက်ရန် အချက်များမှာ -

(၁) ASEAN Power Grid (APG): ၂၀၁၈ ခုနှစ်တွင် အာဆီယံ၏ အနည်းဆုံး ဒေသခွဲတစ်ခုတွင် အပြည်ပြည်ဆိုင်ရာ အီး- ကုန်သွယ်မှုကို စတင်ဆောင်ရွက်ရန်

(၂) Trans-ASEAN Gas Pipeline (TAGP): စွမ်းအင်လုံခြုံစိတ်ချရမှုနှင့် သုံးစွဲနိုင် ခွင့်ရရှိရန် ပိုက်လိုင်းများနှင့် ဓါတ်ငွေ့ရည် terminal များမှတဆင့် အာဆီယံ ဒေသအတွင်း ပေါင်းစပ်ယှက်နွယ်မှုကို မြှင့်တင်ရန်

(၃) ကျောက်မီးသွေး သန့်စင်ရေးနည်းပညာ- ၂၀၂၀တွင် ကျောက်မီးသွေး သန့်စင် ရေး နည်းပညာစီမံကိန်းများကို မြှင့်တင်ရန် အပါအဝင် အာဆီယံတွင် ကျောက်မီး သွေးသန့်စင်ရေးနည်းပညာကို မြှင့်တင်ခြင်းဖြင့် ကျောက်မီးသွေးပုံရိပ်ကို မြှင့်တင် ရန်

(၄) စွမ်းအင်သုံးစွဲမှုကို ထိန်းသိမ်းသုံးစွဲရန်- ၂၀၀၅ ခုနှစ် အဆင့်ကို အခြေခံ၍ နှစ်လတ် စီမံကိန်းအရ ၂၀၂၀ ခုနှစ်တွင် စွမ်းအင်သုံးစွဲမှုကို ၂၀% လျှော့ချရေးနှင့် နှစ်ရှည် စီမံကိန်းအရ ၂၀၂၅ ခုနှစ်တွင် စွမ်းအင်သုံးစွဲမှုကို ၃၀% လျှော့ချရန်

(၅) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်- ၂၀၂၀ ခုနှစ်တွင် အာဆီယံစွမ်းအင်စုစုပေါင်း ဖြည့် ဆည်းမှု (ASEAN Energy Mix) ၌ အပြန်အလှန် သဘောတူထားသည့် အချိုး အစားသို့ ရောက်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ပါဝင်မှုအချိုးကို မြှင့်တင်ရန်

(၆) ဒေသဆိုင်ရာမူဝါဒနှင့် စီမံကိန်းရေးဆွဲမှု- အာဆီယံစွမ်းအင်ပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာ နှစ်စဥ်ထုတ်ပြန်ချက်မှတဆင့် အာဆီယံစွမ်းအင်ကဏ္ဍကို အပြည်ပြည် ဆိုင်ရာကဲ့သို့ ပိုမိုကောင်းမွန်သည့် သမိုင်းကြောင်းရရှိရေးအတွက် မြှင့်တင်ဆောင် ရွက်ရန်

(၇) အရပ်ဘက်အနုမြူစွမ်းအင်- အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အရာရှိများအကြား အနုမြူစွမ်းအင်နှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းအပါအဝင် အနုမြူစွမ်းအင် ဆိုင်ရာ လုပ်ဆောင်နိုင်သည့် အရည်အသွေးများ တည်ဆောက်ရန်

## ဂ-၅ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တော

၅၅။ လူဦးရေမြင့်တက်လာခြင်း၊ခိုင်မာသည့်ဝင်ငွေတိုးတက်ရရှိမှုနှင့် လူလတ်တန်းစား တိုးတက် များပြားလာခြင်းတို့ကြောင့် စားနပ်ရိက္ခာ၊စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာပါသည်။

၅၆။ အစားအစာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၏ ၂၀၂၅ အလွန် ရည်မှန်းချက်မှာ အစား အစာ အန္တရာယ်ကင်းမှု၊ အစားအစာဖူလုံမှုနှင့် ပိုမိုကောင်းမွန်သော အာဟာရများကို ကမ္ဘာ့ဈေး ကွက်များမှ ရရှိရေးနှင့် ရာသီဥတုပြောင်းလဲမှုကို တည်ငြိမ်စေရေးနှင့်အတူ “အာဆီယံ အသိုက် အဝန်းတွင် အစားအစာနှင့် အာဟာရ လုံခြုံမှုနှင့် ပေါကြွယ်ဝမှု အပါအဝင် တစ်ခုတည်းသော ဈေးကွက်နှင့် ကုန်ထုတ်လုပ်မှုအပေါ်တွင် အခြေခံသော ကမ္ဘာ့စီးပွားရေးနှင့်အတူ ပေါင်းစည်းမည့် ယှဥ်ပြိုင်နိုင်သော၊ ပါဝင်မှုရှိသော၊ ခိုင်မာသော၊ ရေရှည်တည်တံ့ခိုင်မြဲသော စားနပ်ရိက္ခာ၊ စိုက်ပျိုး ရေးနှင့် သစ်တောကဏ္ဍ” ဖြစ်စေရမည် ဖြစ်ပါသည်။ ယင်းတွင် ကမ္ဘာ့ဈေးကွက်ရရှိမှုနှင့် ရာသီဥတု ပြောင်းလဲမှုအပေါ် ထိခိုက်မှုမရှိခြင်းတို့ ပါဝင်ပါသည်။

၅၇။ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍအား ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတို့ တွင် ပိုမိုနက်ရှိုင်းစွာ ပေါင်းစည်းနိုင်ရန်အတွက် အောက်ပါတို့အား ထည့်သွင်းစဥ်းစား ဆောင်ရွက် သွားရမည် ဖြစ်သည်-

(က) ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်းနှင့် စီးပွားရေးပေါင်းစည်းခြင်း

(ခ) ရေရှည်တည်တံ့သည့် ကုန်ထုတ်လုပ်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း

(ဂ) လယ်ယာ ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း

(ဃ) လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သိပ္ပံနှင့်နည်းပညာတို့တွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း

(င) လယ်ယာကုန်ထုတ်လုပ်သူများ ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်တွင် ပါဝင်လာစေရေးတို့ ဖြစ်ပါသည်။

မဟာဗျူဟာဆောင်ရွက်ချက်များတွင် အောက်ပါတို့ပါဝင်ပါသည်-

(က) ကောက်ပဲသီးနှံ၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုမြှင့်တင်ခြင်း

(ခ) စီးပွားရေးပေါင်းစည်းမှုနှင့် ယှဉ်ပြိုင်မှုတို့အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့ စေခြင်းနှင့် ကုန်သွယ်မှုအတားအဆီးများဖယ်ရှားခြင်း

(ဂ) ကုန်ထုတ်လုပ်မှု ရေရှည်တည်တံ့စေခြင်းနှင့် ခွဲဝေမှု ညီမျှစေခြင်း

(ဃ) ရာသီဥတုပြောင်းလဲလာမှု၊ သဘာဝဘေးအန္တရာယ်နှင့်အခြားသော အန္တရာယ်တို့မှ ခံနိုင်မှု တိုးမြှင့်ရရှိစေရေး

(င) ကမ္ဘာ့ဈေးကွက်၏ စံချိန်စံညွှန်းတို့နှင့်အညီ ကုန်ထွက်လုံခြုံစိတ်ချမှု၊ အရည်အသွေး ရှိစေရေးအတွက် ထုတ်လုပ်မှု၊ နည်းပညာနှင့် ကုန်ပစ္စည်း အရည်အသွေးတို့အား မြှင့်တင်ခြင်း

(စ) ရေရှည်တည်တံ့သည့် သစ်တောဆိုင်ရာစီမံခန့်ခွဲမှု မြှင့်တင်ခြင်း

(ဆ) ထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းနှင့် ဟာလာအစားအစာနှင့် ကုန်ထွက်ပစ္စည်းထုတ်လုပ်မှု မြှင့်တင်ခြင်း

(ဇ) အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းရရှိစေရန်အပါအဝင် အာဆီယံအား Organic အစားအစာ ထုတ်လုပ်မှုဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ခြင်း

## ဂ-၆ ခရီးသွားလုပ်ငန်း

၅၈။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ မျှော်မှန်း ချက်မှာ ထူးခြားထင်ရှားသော၊ အာဆီယံ၏ ကွဲပြားခြားနားသည့် အတွေ့အကြုံနှင့် တာဝန်ယူသော၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုပါဝင်သော ပြည့်ဝသည့် ခရီးသွားလုပ်ငန်း အရည်အသွေးကို ပြသသည့် အာဆီယံဖြစ်စေရန် ဖြစ်ပါသည်။ ယင်းကြောင့် အာဆီယံ ပြည်သူလူထု၏ လူမှုစီးပွား သာယာဝပြောရေးအတွက် ထူးခြားထင်ရှားစွာ အထောက်အကူ

ပြုလျက်ရှိပါသည်။ အဆိုပြုထားသည့် မဟာဗျူဟာကျသည့် လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရန် အစီအစဉ်များသည် အရည်အသွေးရှိသည့် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးရန်နှင့် အာဆီယံနိုင်ငံများအကြား ပေါင်းစည်းရေးကြုံတွေ့နေရသည့် အဓိကစိန်ခေါ်မှုများအား ဖြေရှင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။ ယင်းတို့မှာ အာဆီယံနိုင်ငံများအကြား အကျိုးအမြတ်များအား ခွဲဝေမှုတွင် ကောင်းမွန်သည့် အချိုးအစားကို ဖန်တီးခြင်း၊ လုံခြုံစိတ်ချရမှုအပေါ် ကြောင့်ကျမှုအား လျော့ချနိုင်ခြင်း၊ ဒေသဖြတ်ကျော်မှုအတွက် လုပ်ထုံးလုပ်နည်းများ ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းနှင့် စရိတ်စကနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ခြင်းနှင့် ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် အခြေခံအဆောက်အအုံ ကျပ်တည်းနေခြင်းတို့ ပါဝင်ပါသည်။

၅၉။ အာဆီယံခရီးသွားလုပ်ငန်းမျှော်မှန်းချက် အောင်မြင်မှုရရှိစေရန် ဆောင်ရွက်ရာ၌ အောက်ပါ မဟာဗျူဟာနှစ်ခုဖြင့် အားထုတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(၁) အောက်ပါ Key Measures တို့ဖြင့် အာဆီယံအား တစ်ခုတည်းသော ခရီးသွားလုပ်ငန်း၏ လမ်းဆုံးအဖြစ် ယှဉ်ပြိုင်မှုအား မြှင့်တင်နိုင်ရန် ဖြစ်ပါသည်-

(က) အာဆီယံမှ အရှေ့တောင်အာရှသည် တစ်ခုတည်းသောခရီးသွားလုပ်ငန်း ခရီးလမ်းဆုံးအဖြစ် ချမှတ်ထားသည့် အစီအစဉ်မှတဆင့် အာဆီယံ၏ ဈေးကွက်မြှင့်တင်နိုင်မှုကို ခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်ရန်

(ခ) အာဆီယံခရီးသွားလုပ်ငန်းစဉ်များအား အမျိုးအစား ကွဲပြားအောင် ဆောင်ရွက်ရန်

(ဂ) ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံစေရန် ဆွဲဆောင်ရန်

(ဃ) ခရီးသွားလုပ်ငန်းတွင် လူ့စွမ်းအားအရင်းအမြစ် အရင်းအနှီးအား စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး

(င) အထောက်အပံ့များ၊ ဝန်ဆောင်မှုများနှင့် ခရီးစဉ်များအတွက် စံချိန်စံညွှန်း ချဲ့ထွင်ရေးနှင့် အကောင်အထည်ဖော်ရေး

(စ) ပေါင်းစပ်ဆက်နွယ်မှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦ တို့ တိုးချဲ့မြှင့်တင်ရေး

(ဆ) ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးကို မြှင့်တင်ဆောင်ရွက်ရန်

(၂) အာဆီယံခရီးသွားလုပ်ငန်း ပိုမိုပြီးရေရှည်တည်တံ့မှုနှင့် ပါဝင်မှုရှိစေရန် အောက်ပါ Key Measures တို့ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) သွားလိုသည့်ခရီးလမ်းဆုံးအဆင့်၌ ခရီးသွားလုပ်ငန်း တန်ဖိုးကွင်းဆက်တွင် ဒေသတွင်းပြည်သူများနှင့် အစိုးရ-ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းပါဝင်မှုကို ဆီလျော်ညီညွတ်မှုရှိစေရန်

(ခ) လုံခြုံစိတ်ချရမှု သေချာစေရန် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းရေးနှင့် ဦးစားပေး ကာကွယ်မှုတို့ ဆောင်ရွက်ရန်

(ဂ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုအတွက် တုံ့ပြန်နိုင်မှုကို မြှင့်တင်ဆောင်ရွက်ရန်

## ဂ-၇ ကျန်းမာရေးစောင့်ရှောက်မှု

၆၀။ အာဆီယံဒေသတွင်းတွင် ကုသရန်တတ်နိုင်သူများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးအတွက် ကြီးထွားလာသည့် တောင်းဆိုမှုများကို ဖြည့်ဆည်းနိုင်ရန် ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို အထောက်အကူဖြစ်စေရန် အာဆီယံသည် ခိုင်မာသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဒေသတွင်းတွင် ခိုင်မာသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းဆေးနှင့် ဗဟုသုတတို့ကို မျိုးရိုးဗီဇအရင်းအမြစ်၊ မိရိုးဗဟုသုတ၊ ရိုးရာယဉ်ကျေးမှုထုတ်ဖော်မှုတို့ကို ထည့်သွင်းစဉ်းစားပြီး ထိထိရောက်ရောက် အကာအကွယ်ပေးရန်တို့ ပါဝင်ပါသည်။

၆၁။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မဟာဗျူဟာမြောက် ဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည် -

(၁) ဒေသတွင်းတွင် ကမ္ဘာ့ကျန်းမာရေး ပြဋ္ဌာန်းချက်များတွင်ပါဝင်သည့် ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှုဈေးကွက်နှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်း ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဖွင့်ပေးရန်

(၂) မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့် အာဟာရတံဆိပ်ကပ်ခြင်းတို့အတွက် နည်းပညာလိုအပ်ချက် စာရွက်စာတမ်းများ အစရှိသည့် ကျန်းမာရေး စောင့်ရှောက်မှု ထုတ်ကုန်နှင့် ဝန်ဆောင်မှုတို့တွင် စံချိန်စံညွှန်း ကိုက်ညီရေး

(၃) ကျန်းမာရေးခရီးသွားလာမှုလုပ်ငန်းနှင့် အီလက်ထရောနစ် ကျန်းမာရေးစောင့် ရှောက်မှု ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့သော မြင့်မားသည့် တိုးတက်မှုအလားအလာ ရှိသည့် ကဏ္ဍများကို မြှင့်တင်ဆောင်ရွက်ရန်

(၄) ဒေသတွင်းကျန်းမာရေးအာမခံစနစ်အားကောင်းစေရန် မြှင့်တင်ဆောင်ရွက်ရေး

(၅) ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်များ ရွှေ့ပြောင်းသွားလာမှု ပိုမိုလွယ်ကူစေရေး

(၆) သင့်လျော်သည့် လမ်းညွှန်ချက်များ (သို့) မူဘောင်များချမှတ်ခြင်းမှတဆင့် တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ အာဆီယံ စည်းမျဉ်းများဆိုင်ရာ မူဘောင်အား ပိုမိုဖွံ့ဖြိုးစေရန် မြှင့်တင်ဆောင်ရွက်ခြင်း

(၇) ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှု ကုန်စည်များကုန်သွယ်မှု ပိုမိုလွယ်ကူချောမွေ့စေရန် ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှု ကုန်စည်များကျန်းမာရေး ထွက်ကုန်များတွင် ကျန်းမာရေးထွက်ကုန်အသစ် new healthcare product များ ဖွံ့ဖြိုးမှု မြှင့်တင်ခြင်း

## ၁-၈ တွင်းထွက်ပစ္စည်းများ

၆၂။ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ မျှော်မှန်းချက်ကို အထောက်အပံ့ဖြစ်စေရန် ASEAN Minerals Cooperation Action Plan 2016-2025 (AMCAP-III) ကို အဆင့်(၂) ဆင့်ဖြင့် ဥပမာအားဖြင့် အဆင့်(၁)(၂၀၁၆-၂၀၂၀)နှင့် အဆင့်(၂)(၂၀၂၁-၂၀၂၅) တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အာဆီယံ mineral Sector တွင် တက်ကြွစွာ ယှဉ်ပြိုင်နိုင်ရေးနှင့် အာဆီယံဒေသတွင်း တွင်းထွက်လုပ်ငန်းဖွံ့ဖြိုးမှုအတွက် အာဆီယံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းရေးနှင့် ဒေသတွင်း တွင်းထွက်ပစ္စည်းများဖွံ့ဖြိုးမှု ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးတို့မှတဆင့် အာဆီယံလူထု၏သာယာဝပြောရေးအတွက် အာဆီယံတွင်းထွက်ပစ္စည်း လုပ်ငန်းကဏ္ဍ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆၃။ မဟာဗျူဟာဆောင်ရွက်ချက်များတွင် အောက်ပါအချက်တို့ ပါဝင်ပါသည်-

- တွင်းထွက်ပစ္စည်းကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး
- တွင်းထွက်ပစ္စည်းကဏ္ဍအား ပတ်ဝန်းကျင်နှင့် လူမှုရေးအရ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုရရှိရေး မြှင့်တင်ဆောင်ရွက်ရန်
- အာဆီယံတွင်းထွက်ပစ္စည်းကဏ္ဍတွင် အဖွဲ့အစည်းနှင့် လူသားတို့၏ စွမ်းဆောင်ရည် ခိုင်မာတောင့်တင်းစေရန်
- တွင်းထွက်ပစ္စည်းကဏ္ဍတွင် နက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် အခြေခံအဆောက်အဦအပါအဝင် ASEAN Minerals Database အား အချိန်နှင့်တစ်ပြေးညီ ခေတ်မီနေပြီး အပြည့်အဝဆောင်ရွက်နိုင်မှုကို ထိန်းသိမ်းထားရှိရန်

၆၄။ အာဆီယံတွင်းထွက်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် မူဝါဒဖွံ့ဖြိုးတိုးတက်မှုနှင့် မိတ်ဖက်အဖြစ်ပါဝင်လျက်ရှိပြီး အောက်ပါအရေးပါသည့် ဆောင်ရွက်ချက်တို့ဖြင့် ဆောင်ရွက်လျှက်ရှိပါသည်-

(က) သတင်းအချက်အလက်ဖလှယ်ရေးနှင့် အာဆီယံတွင်းထွက် database ဖွံ့ဖြိုးတိုးတက်ရေး

(ခ) အာဆီယံ ဒေသအတွင်း/အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်ရန်နှင့် လွယ်ကူချောမွေ့စေရန်။

(ဂ) သတ္တုတွင်းအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို အကျိုးဖြစ်စေရန် ဆောင်ရွက်ရေး မြှင့်တင်ဆောင်ရွက်ရန်

(ဃ) အာဆီယံသတ္တုတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များနှင့် ဆောင်ရွက်ချက်များတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုနှင့် အစိုးရ - ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုတို့ကို မြှင့်တင်ရန်။

(င) သတ္တုတွင်းအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် သိပ္ပံနှင့်နည်းပညာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် ပထဝီသိပ္ပံနှင့် နည်းပညာလွှဲပြောင်းမှု ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံများနှင့် သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုကို အားပေးပံ့ပိုးရန်

(စ) သတ္တုတွင်းအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များကို စည်းဝါးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန်။

(ဆ) နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ၊ အတွေ့အကြုံနှင့် အလေ့အကျင့်ကောင်းများကို ဖလှယ်ရန်။

(ဇ) အပြည်ပြည်ဆိုင်ရာကိစ္စများနှင့် ဒေသတွင်းကိစ္စရပ်များနှင့် အများအကျိုးစီးပွားအပေါ် ပူပန်ကြောင့်ကျမှုများကို ဖြေရှင်းဆောင်ရွက်ရန် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးတွဲချည်းကပ်ဆောင်ရွက်မှု

## ဂ-၉ သိပ္ပံနှင့်နည်းပညာ

၆၅။ အာဆီယံသည် ၄င်း၏စီးပွားရေးတိုးတက်မှုနှုန်းကို ရေရှည်တည်တံ့စေရန်နှင့် ကမ္ဘာနှင့်ယှဉ်၍ ယှဉ်ပြိုင်နိုင်စွမ်းကို ထိန်းသိမ်းထားနိုင်ရန်ဆိုသည့် ရည်မှန်းချက်များကို ရုပ်လုံးပေါ်လာစေရန် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ( STI ) လုပ်ငန်းများမှ ထောက်ပံ့ ဖြည့်ဆည်းပေးလိမ့်မည် ဖြစ်ပါသည်။ အာဆီယံကို ဆန်းသစ်တီထွင်သော၊ ယှဉ်ပြိုင်နိုင်သော၊ ထင်ရှားသော၊ ရေရှည်တည်တံ့မှုနှင့် စီးပွားရေးအရ ပေါင်းစည်းမှုရှိစေရန် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အာဆီယံ လုပ်ငန်းစီမံချက်(ASEAN Plan of Action on Science, Technology and Innovation –APASTI) 2016-2025 နှင့် ၎င်း၏ အကောင်အထည်ဖော်မှု အစီအစဉ်က အထောက်အကူပြုမည် ဖြစ်ပါသည်။

၆၆။ APASTI ၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များသည် စုပေါင်းကြိုးစားအားထုတ်မှုနှင့် အောက်ဖော်ပြပါ နည်းဗျူဟာလုပ်ငန်းစဉ်များကို ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) လက်ရှိ သိပ္ပံနှင့်နည်းပညာ CoE များ၏ Network ကို ခိုင်မာစေခြင်းသည် ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနအသုံးအဆောင်များနှင့် လူအင်အားကို မြှင့်တင်ရာ

ရောက်ပြီး ပူးတွဲသုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာလွှဲပြောင်းမှုနှင့် စီးပွားရေးလုပ်ငန်းအဖြစ် အသုံးပြုမှုတို့ကို တိုးတက်ဖြစ်ပေါ်စေပါသည်။

(ခ) သက်ဆိုင်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမျိုးသားရေး မူဝါဒအသီးသီးတို့အရ ဖလှယ်ရေးအစီအစဉ်များနှင့် အခြားသင့်လျော်သော အစီအစဉ်များမှတဆင့် အစိုးရ S&T အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ သိပ္ပံပညာရှင်များနှင့် သုတေသနပြုသူများ၏ ရွှေ့ပြောင်းသွားလာနိုင်မှုကိုတိုးမြှင့်ရန်။

(ဂ) စွန့်ဦးတီထွင်သည့်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် အမျိုးသမီးများနှင့် လူငယ်များ၏ STI တွင် ပါဝင်မှုကို တိုးပွားစေရန် စနစ်များနှင့် ယန္တရားများကို ထူထောင်ရန်။

(ဃ) STI တွင် အာဆီယံပူးပေါင်းဆောင်ရွက်မှုမှ ရရှိလာသည့် အောင်မြင်မှုများကို အများသိရှိ နားလည်စေရန် မြှင့်တင်ဆောင်ရွက်သွားရန်။

(င) ဖက်စပ်လုပ်ငန်းများမှ ပေါ်ထွက်လာသည့် ဒေသဆိုင်ရာ STI များအား မြှင့်တင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် တည်ထွင်ဆန်းသစ်ကို အထောက်အကူဖြစ်စေသည့် စနစ်များကို ထူထောင်ရန်

(စ) အပြန်အလှန် အကျိုးပြုစေမည့် စီမံကိန်းများအပေါ် ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားသော သက်ဆိုင်သည့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုအတွက် နည်းဗျူဟာအသစ်များကို ထူထောင်ရန်

**ဃ ခိုင်မာပြီးအလွယ်တကူဖျက်စီး၍ မရသော၊ အပါအဝင်ဖြစ်သော၊ ပြည်သူကိုဦးစားပေးသော၊ ပြည်သူကိုဗဟိုပြုသော အာဆီယံ**

၆၇။ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ သည် လက်ရှိအစိတ်အပိုင်းများကို နက်ရှိုင်းစေပြီး အခြားအရေးပါသည့် အစိတ်အပိုင်းများကို ပါဝင်စေခြင်းဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ ၏ တတိယမြောက် သွင်ပြင်လက္ခဏာဖြစ်သည့် "စီးပွားရေး ဖွံ့ဖြိုးမှု မျှတသောဒေသ"ဖြစ်စေရန် ထူးထူးခြားခြားမြှင့်တင်ဆောင်ရွက်လျက် ရှိပါသည်။

**ဃ-၁ Micro, Small, and Medium Enterprises (MSMEs) ၏ အခန်းကဏ္ဍကို ခိုင်မာစေခြင်း**

၆၈။ MSMEs သည် အာဆီယံစီးပွားရေးများ၏ ကျောရိုးဖြစ်ပါသည်။ သို့သော် ကမ္ဘာ့မှုပြုခြင်း၊ နည်းပညာနှင့် ဆက်သွယ်ရေး တိုးတက်ဖြစ်ပေါ်ခြင်း၊ ကုန်သွယ်ရေးဖြေလျော့မှုနှင့် ထုတ်လုပ်မှု

ဖြစ်စဉ်များ တိုးတက်မှုသည် အာဆီယံအား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစွာ ဖြစ်ပေါ်လာစေရန် ပိုမိုအာရုံစိုက်ရန် လိုအပ်မည့် စိန်ခေါ်မှုများကို ဖြစ်စေပါသည်။ လုပ်ငန်း အနေဖြင့် အစိုးရလုပ်ငန်းများအတွက် ကွန်ယက်၊ သတင်းအချက်အလက် စီးဆင်းမှုနှင့် လူ့စွမ်း အားအရင်းအမြစ် ထူထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန် အာရုံစိုက်ဆောင်ရွက်ရမည် ဖြစ်ပါ သည်။ အစိုးရလုပ်ငန်းများသည် ဘဏ္ဍာငွေရရှိမှု၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု၊ ဈေးကွက်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ ဆောင်ရွက်နိုင်မှု အစရှိသည်တို့အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၆၉။ ပိုမိုကောင်းမွန်သည့် ဖွဲ့စည်းပုံနှင့် ရည်မှန်းချက်ရှိသည့် MSME အစီအစဉ်ကို MSME ယှဉ်ပြိုင်မှုကို တိုးမြှင့်ရန်၊ တောင့်တင်းခိုင်မာစေရန်နှင့် အာဆီယံပူးပေါင်းဆောင်ရွက်မှုမှ ပိုမိုကြီး မားသည့် အကျိုးကျေးဇူးများရရှိရန် ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းရည်မှန်း ချက်များကို ပြည့်မီရန် MSMEs အတွက် မူဝါဒဝန်းကျင်ကို တိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ပြီး ဈေးကွက်နှင့်ဆက်စပ်သည့် လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့အပြင် MSMEs များ၏ ထုတ်လုပ်မှုနှင့် တီထွင်ဆန်းသစ်မှုကို အထူးသဖြင့် ပါဝင်ပြီး ညီမျှသည့် ဖွံ့ဖြိုးမှုရရှိရန် ဆောင်ရွက်ရမည်ဖြစ်ပြီး MSMEs များအတွက် ကျားမအခွင့်အလမ်းများကို ညီမျှ အောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကမ္ဘာနှင့် ယှဉ်ပြိုင်နိုင်ပြီး ဆန်းသစ်တီထွင်မှုရှိသော MSME ဖြစ်စေရန် အာဆီယံအသိုက်အဝန်းအား အကြားအလပ်မရှိ ပေါင်းစည်းပြီး ဖွံ့ဖြိုးမှုကို အထောက် အကူ ဖြစ်ရမည် ဖြစ်ပါသည်။ အောက်ပါ မဟာဗျူဟာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ထုတ်လုပ်မှုနှင့်စပ်လျဉ်းသည့် အဓိကနည်းလမ်းများကို နားလည်ခြင်းဖြင့် MSME ၏ ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်နိုင်မည့်နည်းလမ်းများမှတဆင့် ထုတ်လုပ်မှု၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို တိုးမြှင့်ရန်၊ စက်မှုဆိုင်ရာချိတ်ဆက်မှုများမှတဆင့် စက်မှု လုပ်ငန်းအစုအဖွဲ့များကို တည်ထောင်ရန်၊ နည်းပညာအသုံးပြုမှုကို မြှင့်တင်ဆောင် ရွက်ပြီး စက်မှုလုပ်ငန်းအစုအဖွဲ့များကို ကာလတစ်ခုအထိ ထူထောင်ပြီး စက်မှုလုပ်ငန်း များ၏ စွမ်းအားကို တည်ဆောက်ရန်၊ စီးပွားရေးလုပ်ငန်းနှင့် စီးပွားရေး-ပညာရေး လောကချိတ်ဆက်မှုများမှတဆင့် ဆန်းသစ်တီထွင်မှုကို အဓိကယှဉ်ပြိုင်မှု အကျိုး အမြတ်တစ်ခုအဖြစ် မြှင့်တင်ရန်

(ခ) သမရိုးကျ ငွေကြေးလုပ်ငန်း အခြေခံအဆောက်အအုံအပေါ် နားလည်မှု တိုးပွားလာ ခြင်းနှင့် ခိုင်မာလာစေခြင်းဖြင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင် တိုးတက်ဖြစ်ပေါ်ခြင်းနှင့် မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာငွေ ရရှိခွင့်တိုးပွားလာစေရန် ဆောင်ရွက်ရမည် ဖြစ်ပြီး သမရိုးကျမဟုတ်သည့် ငွေကြေးလုပ်ငန်းသို့ အခြားအစီအစဉ်ကို ကနဦး

ဆောင်ရွက်နိုင်ရန် မူဝါဒရေးရာပတ်ဝန်းကျင်ကို မြှင့်တင်ဆောင်ရွက်ရန်၊ ဘဏ္ဍာရေး စနစ်တွင် MSMEs များအတွက် ပိုမိုကောင်းမွန်သည့် ဘဏ္ဍာရေးစနစ်၊ ဘဏ္ဍာရေးကို နားလည်တတ်မြောက်မှုနှင့် အရည်အသွေးများ တိုးပွားလာစေရန် ဆောင်ရွက်ရန်နှင့် ပါဝင်ငွေကြေးပါဝင်မှု၊ စာတတ်မြောက်ခြင်းနှင့် ငွေကြေးစနစ်များကို ပိုမိုချိတ်ဆက် နိုင်ရန် MSMEs စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် အခွန်နှင့်အခြားမက်လုံးပေးသည့် စီမံချက်များကို မြှင့်တင်ဆောင်ရွက်ရန်။

(ဂ) Global Supply Chain သို့ဈေးကွက်ဝင်ရောက်ခွင့်နှင့် ပေါင်းစည်းမှုအတွက် အစီ အစဉ်များကို ချဲ့ထွင်ခြင်းနှင့် အထောက်အပံ့ပြုခြင်းဖြင့် ဈေးကွက်ရရှိရေးနှင့် နိုင်ငံ တကာနှင့် ဝင်ဆံ့အောင် မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက် ရာတွင် ဈေးကွက်နှင့်အခွင့်အလမ်းများ တိုးပွားစေရန် အပြည်ပြည်ဆိုင်ရာ ကော်ပို ရေးရှင်းကြီးများ၊ လုပ်ငန်းကြီးများနှင့် မိတ်ဖက်ဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ အီလက်ထရောနစ်နည်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်၊ ပို့ကုန် တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများ၊ အကြံပေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် အသုံးပြုမှု အစရှိသည်တို့ဖြင့် ပို့ကုန်တိုးမြှင့်နိုင်ရေးဆောင်ရွက်ရန်

(ဃ) MSME မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းအဝန်းအဝိုင်းကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အစိုးရအဖွဲ့အတွင်းနှင့် အစိုးရအအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအား မြှင့်တင်ဆောင်ရွက်ရာရောက်ပြီး MSME များ အကျိုးစီးပွားကို ကောင်းမွန်သည့် ကိုယ်စားပြုမှုကို စွမ်းဆောင်နိုင်သည့် ဆုံးဖြတ် ချက်ချသည့် လုပ်ငန်းစဉ်နှင့် MSME ဆက်စပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ခြင်း၊ စီးပွားရေးလုပ်ငန်း အသေးအမွှားလေးများက အစီအစဉ်တကျ ဆောင်ရွက်ခြင်း မရှိသည့် ကဏ္ဍနှင့် ၎င်းတို့၏ ပေါင်းစည်းမှုလုပ်ငန်းများအပေါ် အကူအညီများ ပံ့ပိုးပေးရန်နှင့် ခွင့်ပြုချက်ရရှိမှုနှင့် စီးပွားရေးလုပ်ငန်း ဖွဲ့စည်းရာတွင် ငွေကုန်ကျမှု သက်သာပြီး ပိုမိုလျင်မြန်မှုရနိုင်စေရန်တို့၏ ဆက်စပ်မှုကို မလိုလားအပ်သည်များ မပါဝင်ပဲ ကောင်းမွန်သည့် လုပ်ငန်းစဉ် ဖြစ်စေရန်နှင့်

(င) ASEAN Online Academy မှတဆင့် စွန့်ဦးတီထွင်သည့် စီးပွားရေးလုပ်ငန်းများ အတွက် ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်ကို ဖန်တီးရန်နှင့် MSMEs အတွက် အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန်အတွက် လူ့စွမ်းအားအရင်းအနှီးဖွံ့ဖြိုးမှု တိုးတက်စေရန် ဆောင်ရွက်ရန်

## ဃ-၂ ပုဂ္ဂလိက အခန်းကဏ္ဍအား ခိုင်မာတောင့်တင်းစေရန်

၇၀။ အာဆီယံပေါင်းစည်းရေးတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် အဓိက Stakeholder အဖြစ် အရေးကြီးပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ တွင် ပုဂ္ဂလိကကဏ္ဍ ပိုမိုကျယ်ပြန့်စွာ ပါဝင်ပတ်သက်မှုနှင့် ပူးပေါင်းပါဝင်မှုသည် အာဆီယံရည်မှန်းချက်ပန်းတိုင် အောင်မြင်ရရှိမှုနှင့်အတွက် အကျိုးဖြစ်ထွန်းလာမည်ကို အသိအမှတ်ပြုပါသည်။ ပုဂ္ဂလိကကဏ္ဍ၏ ဖြည့်ဆည်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသဆိုင်ရာ မဟာဗျူဟာနှင့် ဦးဆောင်ဦးရွက်ပြုမှုများ၏ ပုံစံရေးဆွဲမှုတွင်သာမက နက်ရှိုင်းသည့် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုအတွက် အတားအဆီးများကို ခွဲခြမ်းစိတ်ဖြာရာ၌ မရှိမဖြစ်လိုအပ်ပါသည်။ အကောင်အထည်ဖော်မှုဆိုင်ရာ တရားဝင်သတင်းအချက်အလက်များ အလွယ်တကူရရှိနိုင်ရေးနှင့် မူဝါဒဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်ရေးတို့သည် စီးပွားရေးလုပ်ငန်းကဏ္ဍနှင့် အသိုက်အဝန်းကို အခြေခံသည့် အဖွဲ့အစည်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၇၁။ လတ်တလောတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီ (အာဆီယံ-ဘီအေအေစီ) သည် အရေးပါဆုံး အနေအထားတွင်ရှိသည့် ပုဂ္ဂလိကအဖွဲ့အစည်းကဲ့သို့ဖြစ်နေပြီး အာဆီယံအပေါင်းတစ် စီးပွားရေးကောင်စီ ၉ ခုနှင့် စီးပွားရေးအဖွဲ့အစည်း ၆၆ ခု တို့သည် အသီးသီးသော အာဆီယံကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံစီးပွားရေးအကြံပေးကောင်စီသည် ဖွဲ့စည်းပြီးသည့် စီးပွားရေးကောင်စီများ၊ အဖွဲ့အစည်းများနှင့် အာဆီယံကဏ္ဍ အလိုက်အဖွဲ့အစည်း အသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဦးဆောင်သည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံ၏ ဆောင်ရွက်အကောင်အထည်ဖော်မှုများတွင် ပိုမိထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကဏ္ဍ၏ စုပေါင်းထားသည့် အရင်းအမြစ်များကို စုစည်းခြင်းနှင့် အာဆီယံရည်မှန်းချက်များ၊ မဟာဗျူဟာ ဆောင်ရွက်ချက်များ ရရှိ အောင်မြင်ရေးအတွက် အာဆီယံအား ကူညီဆောင်ရွက်နိုင်ရန် အောက်ပါ မဟာဗျူဟာများ ပါဝင်ပါသည်-

(က)ပုဂ္ဂလိကကဏ္ဍနှင့် ပတ်သက်သည့် ပိုမိုပါဝင်မှုနှင့် ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ် အကောင်အထည်ဖော်ရန်-

(၁)လမ်းညွှန်ချက်များ- ပုဂ္ဂလိကကဏ္ဍနှင့် တွေ့ဆုံဆွေးနွေးခြင်းမှ အကျိုးကျေးဇူးအများဆုံးရရှိရန် လမ်းညွှန်ချက်များ ချမှတ်ရန်၊ လမ်းညွှန်ချက်များတွင် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများ၏ ပတ်သက်မှုများကို ပါဝင်ရန် (ဥပမာ-အာဆီယံကို တန်ဖိုးမြင့်ထုတ်ကုန်နှင့်ပတ်သက်၍ ပြသရန်၊ MSMEs ပတ်သက်သည့် ယန္တရားအစီအစဉ်)

(၂)အာဆီယံအဖွဲ့စည်းများ- အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းစဥ်များ အောက်မှ အကောင်အထည်ဖော်မှုများကို ဦးဆောင်ဦးရွက်ပြုနိုင်ရန် အပါအဝင် ဦးဆောင်ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဥ်အတွက် အာဆီယံက သက်ဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းရန် (စီပွားရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် စီးပွားရေးကောင်စီများ)၊

(၃)စီးပွားရေးအဖွဲ့အစည်းများ- ပုဂ္ဂလိကကဏ္ဍ အဖွဲ့များက သီးသန့်ကိစ္စရပ်များတွင် အစုအဖွဲ့များအား ဦးဆောင်ဦးရွက်ပြုနိုင်ရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပေါင်းစပ်ဆက်သွယ်မှု၊ စားနပ်ရိက္ခာနှင့် MSMEs ကဲ့သို့သော အဓိကကိစ္စရပ်များတွင် ပေါင်းစပ်ဆောင်ရွက်သည့် အခမ်းအနားများကျင်းပခြင်းဖြင့် ဆွေးနွေးအဖြေရှာရမည့် ကိစ္စရပ်များအားတင်ပြနိုင်ခြင်းနှင့် အဓိကအချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(၄)အွန်လိုင်းချိတ်ဆက်မှုဖိုရမ်- အဖွဲ့အစည်းမျိုးစုံနှင့် ကိစ္စရပ်မျိုးစုံနှင့်အတူ ပုဂ္ဂလိကကဏ္ဍသည် ၎င်း၏ ချိတ်ဆက်မှုကွန်ယက် အတွက် ကိုယ်ပိုင်နေရာတစ်ခု တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ခ) အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏အခန်းကဏ္ဍတိုးမြှင့်မှု

(၁)ပါဝင်ဖွဲ့စည်းမှု- စီးပွားရေးနှင့် ဆက်စပ်ပတ်သက်သူအားလုံးနှင့် ခိုင်မာသည့် ချိတ်ဆက်မှု တုံ့ပြန်နိုင်သည့် ဖွဲ့စည်းမှုဖြစ်ရန်

(၂)စေ့စပ်ဆွေးနွေးမှုများ- စီးပွားရေးကောင်စီ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ပိုမိုခိုင်မာသည့် ဖွဲ့စည်းပုံပါဝင်သည့်၊ ပုဂ္ဂလိကကဏ္ဍ၏ အကျိုး စီးပွားအတွက် အဓိကဦးဆောင်ဦးရွက်ပြုသည့် ကဏ္ဍများ (သို့) ဦးစားပေးကဏ္ဍကို စောင့်ကြပ်ကြည့်ရှုသည့် ကိုယ်ပိုင်စနစ်တစ်ရပ် ထူထောင်ရန်

(၃)အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအကြား ညှိနှိုင်းဆောင်ရွက်မှု-

အေအီးစီ ပုံမှန်တိုးတက်ဖြစ်ပေါ်မှုများ၏ နောက်ဆုံးအခြေ အနေကို ပံ့ပိုးခြင်းဖြင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့် ညှိနှိုင်း ဆောင်ရွက်မှု၊ ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးညှိနှိုင်းမှုများ၏ ဆွေးနွေးချက်မှတ်တမ်းကို ပံ့ပိုးရန်နှင့် ကဏ္ဍအလိုက်အဖွဲ့အစည်း များ ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်အတွက် အာဆီယံ စီးပွားရေး အကြံပေးကောင်စီ၏ ထောက်ခံတင်ပြချက်များကို သေချာစေ ရေးတို့ကို မြှင့်တင်ဆောင်ရွက်ရန်

## ဃ-၃ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု

၇၂။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် ပုဂ္ဂလိကကဏ္ဍကျွမ်းကျင်မှု၊ စွန့်စားမှုများ မျှဝေမှုနှင့် ရန်ပုံငွေ ထပ်မံရရှိနိုင်သည့် အရင်းအမြစ်များမှတဆင့် စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတက်ရန်ကို ခိုင်မာတောင့်တင်းစေရန် ဆုံးဖြတ်ချက်ချသူများအတွက် အရေးကြီးသည့် လက်နက်တစ်ခုဖြစ်ပါသည်။ အာဆီယံသည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ထပ်မံတိုးချဲ့နိုင်ရန် ဆောင်ရွက်လျက်ရှိရာတွင် အထူးသဖြင့် အေအီးစီအောက်မှ အခြေခံ အဆောက်အအုံဆိုင်ရာ ဆောင်ရွက်ချက်များအောက်မှ လည်းကောင်း၊ အာဆီယံပေါင်းစပ်ယှက် နွယ်မှု မဟာစီမံကိန်းအောက်မှလည်းကောင်း၊ ၄င်းကိုဆက်ခံသည့် အစီအစဉ်အောက်မှ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မူဘောင်၏ ထောက်ခံတင်ပြချက်များအတွက် စည်းနှောင်မှုမရှိသည့် အာဆီယံအခြေခံစည်းမျဉ်းများကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးက အတည် ပြုခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြခဲ့ ပါသည်။

၇၃။ မဟာဗျူဟာတွင်အောက်ပါတို့ပါဝင်ပါသည်-

(က) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဥပဒေနှင့် လုပ်ငန်းလည်ပတ်မှု ပတ်ဝန်းကျင်ကို အင်အားတောင့်တင်းစေရန်အမြင်ဖြင့် အမျိုးသားဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်ကို ပြန်လည်သုံးသပ်ရန်၊ ယင်းသို့သုံးသပ်ခြင်းသည် အမျိုးသားနှင့် ဒေသဆိုင်ရာအဆင့် (၂)ခုလုံးတွင်ရှိသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုပါသည်။

(ခ) လိုအပ်သောမူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများ အစိုးရအရည်အသွေးများ ပါဝင်သော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား နည်းပညာ အကူအညီ ရရန် မိတ်ဖက်များအားသတ်မှတ်ရန်

(ဂ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပရောဂျက် တိုးတက်ဖြစ်ပေါ်စေရန် အထောက်အပံ့များနှင့် ကြားမှဆက်သွယ်ဆောင်ရွက်ပေးမည့် အကြံပေးဝန်ဆောင်မှုများ ရရှိရန် မိတ်ဖက်များသတ်မှတ်ရန်

(ဃ) အတွေ့အကြုံများ မျှဝေရန်နှင့် ပူးတွဲပရောဂျက်များဆောင်ရွက်ရန် အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းများ၊ အကျိုးဝင်ပါဝင်ပတ်သက်သူများ (ဥပဒေအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ) ပါဝင်သော အာဆီယံ ကွန်ယက်တစ်ခု ထူထောင်ရန်၊

(င) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပရောဂျက်များမှတဆင့် ပုဂ္ဂလိကကဏ္ဍ ရန်ပုံငွေရရှိရေး ဆွဲဆောင်နိုင်ရန်အလို့ငှာ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာ ရန်ပုံငွေ(AIF) က catalyst အဖြစ်ဆောင်ရွက်နိုင်ရေး အားပေးရန်

(စ) လိုအပ်ပါက အခြေခံအဆောက်အအုံစီမံချက်များအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အသုံးပြုမှုကို မြှင့်တင်ရန်

## ဃ-၄ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းရေး

၇၄။ အာဆီယံ ကနဦး ပူးပေါင်းဆောင်ရွက်ရေး (IAI) သည် ကမ္ဘောဒီးယား ၊လာအို ၊ မြန်မာ၊ ဗီယက်နမ် (CLMV) နိုင်ငံများအား ၎င်းတို့၏ ဒေသဆိုင်ရာ သဘောတူညီမှုများအကောင်အထည်ဖော်ရန်နှင့် ဒေသဆိုင်ရာပေါင်းစည်းခြင်း လုပ်ငန်းစဉ်တစ်ခုလုံးကို အရှိန်မြင့်လာစေရန် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းစေရေးကို အဓိကဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေခြင်း နှင့် ဖွံ့ဖြိုးတိုးတက်မှုအကြား သုံးစွဲနိုင်မှု ကွာဟချက်များကို အသိအမှတ်ပြုပြီး ၊ အာဆီယံသည် ဒေသအတွင်းရှိ NDG အပိုင်းကဲ့သို့ အခြားဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအား နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည် (ဥပမာ- ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်- အရှေ့အာရှ ဖွံ့ဖြိုးမှုဧရိယာ (BIMP-EAGA)၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံ ဖွံ့ဖြိုးမှုတြိဂံ (IMT-GT)၊ မဲခေါင်ဒေသခွဲ (GMS)၊ Mekong Initiatives ၊ IAI work plan ၏ ဒုတိယအဆင့်ကို ၂၀၀၉ မှ ၂၀၁၅ခုနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၁ခုနှစ် CLMV အဆင့်မြင့်စီးပွားရေး အရာရှိများအစည်းအဝေး (SEOM) ကတည်းက IAI လုပ်ငန်းစီမံချက်သည် အကောင်အထည်ဖော်ပြီးဖြစ်ပါသည်။

၇၅။ IAI work plan (ii) နှင့် ASEAN Equitable Development Monitor 2014 ၏ နှစ်လည်သုံးသပ်ချက်အား ထောက်ခံချက်များပေးရန်နှင့် ၂၀၁၅ အလွန် IAI နှင့် NDG တိုးတက်မှု လုပ်ငန်းစဉ်များတွင် အောက်ပါ မဟာဗျူဟာကျသည့် ရည်မှန်းချက်များပါဝင်ပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် စဥ်ဆက်မပြတ် ရှိရန်

(ခ) အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆီသို့ ဦးတည်၍ ဒေသဆိုင်ရာ ကတိကဝတ်များကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံအသစ်များတွင် စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်ကို ခိုင်မာစေရန်

(ဂ) စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖန်တီးခြင်းနှင့် သမရိုးကျ လုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်ခြင်းဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော နေရာများကို လျှော့ချနိုင်ရန်

(ဃ) ငွေရေးကြေးရေးဝန်ဆောင်မှုများ အသုံးပြုနိုင်သည့် အခွင့်အလမ်းများ တိုးပွားလာစေရန်၊ အလုပ်အကိုင်နှင့် ကြီးပွားတိုးတက်လာစေရန်အတွက် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများ တည်ဆောက်ရန်

(င) အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံသစ်များရှိ ဒေသဆိုင်ရာစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ရန်

(စ) အာဆီအဖွဲ့ဝင်နိုင်ငံများ၏ MSMEs ဖွံ့ဖြိုးတိုးတက်မှုကို အလေးထား ဆောင်ရွက်ရန်နှင့်

(ဆ) ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်များတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုအလားလာရှိသော ကဏ္ဍများကို အလေးပေးထားသော MSMEs အတွက် နည်းပညာအထောက်အပံ့နှင့် ငွေကြေးအကူအညီများကို ထောက်ပံ့နိုင်သည့် အလှူရှင်များကို သတ်မှတ်ပေးရန်

၇၆။ ခိုင်မာပြီး စဉ်ဆက်မပြတ် လုပ်ဆောင်ချက်များအပေါ် ပူးပေါင်းဆောင်ရွက်ခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုရန် အာဆီယံ နှင့် အာဆီယံဒေသခွဲဆိုင်ရာ မူဘောင်တို့အကြား ထိရောက်သည့် စေ့စပ်ညှိနှိုင်းမှုများကို ဆောင်ရွက်ရမည်။

## ဃ-၅ Contribution of Stake Holders on Regional Integration Efforts ဒေသဆိုင်ရာ ပေါင်းစည်းခြင်း၏ ကြိုးပမ်းအားထုတ်မှုဆိုင်ရာ Stake Holders များ၏ ပါဝင်ဆောင်ရွက်မှု

၇၇။ အာဆီယံ ပေါင်းစပ်ဆက်သွယ်မှုရှိ တိုးတက်မှုနှင့် အာဆီယံ၏ လုပ်ဆောင်ချက်များ ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်အတွက် စေ့စပ်ညှိနှိုင်းမှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အထောက်အပံ့ပေးနိုင်မည် ဖြစ်သည်။ လူမှုအသင်းအဖွဲ့များ အပါအဝင် အစုရှယ်ယာရှင်များ အနေဖြင့် အစိုးရအနေဖြင့် စီးပွားရေး ပေါင်းစည်းမှုလုပ်ဆောင်ချက်များတွင် ပါဝင်နိုင်သည်။

၇၈။ မဟာဗျူဟာလုပ်ဆောင်ချက်များမှာအောက်ပါတို့ဖြစ်သည်-

(က)အာဆီယံကနဦး စီးပွားရေးပေါင်းစည်းမှု လုပ်ဆောင်ချက်နှင့်ပက်သက်၍ ပိုမိုနားလည်သဘောပေါက်စေရန် စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် အစုရှယ်ယာရှင်များနှင့် စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်ရန်။

(ခ) စီအက်စ်အာ လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် အစုရှယ်ယာရှင်များနှင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်ရန်၊

(ဂ) ဆက်လက် ဆောင်ရွက်ရမည်များကိုလည်း အစုရှယ်ယာရှင်များနှင့် တိုင်ပင်ဆွေးနွေးခြင်းများအား တိုးမြှင့်ဆောင်ရွက်ရန်။

## င ကမ္ဘာကဲ့သို့ အာဆီယံ

၇၉။ အာဆီယံဒေသနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတေးလျ၊ နယူးဇီလန်နိုင်ငံများစသည့် မိတ်ဖက်နိုင်ငံများနှင့် ပေါင်းစပ်၍ အကောက်ခွန်ကင်းလွတ်ဒေသ တည်ထောင်ခြင်းနှင့် ဘက်စုံစီးပွားရေး သဘောတူစာချုပ်များမှတဆင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆီသို့ ဦးတည်နိုင်ရန် ပုံမှန်တိုးတက်လာအောင် အာဆီယံမှ ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှုဒေသဆွေးနွေးညှိနှိုင်းမှုများ အဆုံးသတ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းလွတ်လပ်သော ကုန်သွယ်မှုဒေသများ၊ ပေါင်းစည်းမှု သဘောတူညီချက်များသည် အာဆီယံ၏ ရပ်တည်မှုကို ပိုမိုအားကောင်းစေမည့်အပြင် ပိုမို၍ပွင့်လင်းသော အားလုံးပါဝင်သော စီးပွားရေးဒေသအဖြစ် လည်းကောင်း၊ ကမ္ဘာနှင့် ဒေသတွင်းချိတ်ဆက်များ၏ အဓိကအဖြစ် ထိန်းသိမ်းထားနိုင်မည် ဖြစ်သည်။

၈၀။ အာဆီယံ၏ ကမ္ဘာလုံးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများနှင့် ၎င်း၏ကနဦးစီးပွားရေးပေါင်းစည်းမှုလုပ်ဆောင်ချက်များမှ ရရှိလာမှုများဖြင့် တည်ဆောက်ရန်နှင့် အာဆီယံအနေဖြင့် အေအီးစီပူးပေါင်းဆောင်ရွက်မှုမှ ကမ္ဘာ့စီးပွားရေးဆီသို့ ပေါင်းစပ်ရန် ဆောင်ရွက်သင့်ပါသည်။ ၎င်းစေ့စပ်ညှိနှိုင်းမှုများမှတဆင့် အာဆီယံအတွက် ပြီးပြည့်စုံခြင်းနှင့် အပြန်အလှန် အကျိုးရှိမှုများကို ရှာဖွေနိုင်ရမည်။

(က) ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးဆိုင်ရာ ကိစ္စများကို ချမှတ်နိုင်မည့် မဟာဗျူဟာများနှင့် ပြင်ပစီးပွားရေးဆက်ဆံမှုအတွက် ကျိုးကြောင်းဆီလျော်သော နည်းလမ်းများကို ပိုမိုဖွံ့ဖြိုးစေခြင်း။

(ခ) အာဆီယံဒေသတွင်းထုတ်လုပ်မှုကွန်ယက်များ လည်ပတ်ခြင်းတွင် လိုအပ်ချက်များ၊ ပို၍တုံ့ပြန်နိုင်စွမ်း၊ အရည်အသွေးမြင့်မားမှု၊ ပြည့်စုံမှု၊ ခေတ်မီမှုများဖြင့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသနှင့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်များအား သေချာစေရေးအတွက် ဆက်လက်တိုးတက်အောင် လုပ်ဆောင်ခြင်းနှင့် တိုးတက်မှုအား ပြန်လည်သုံးသပ်ခြင်း။

## ၃။ အကောင်အထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

### အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဥ်

၈၁။ အေအီးစီ ၂၀၂၅ ပုံစံပါ မဟာဗျူဟာကျသော လုပ်ငန်းဆောင်တာများအား အကောင်အထည်ဖော်မှု အားလုံးအတွက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီသည် အဓိက တာဝန်အရှိဆုံးအရာ ဖြစ်ပါလိမ့်သည်။

၈၂။ အေအီးစီ ၂၀၂၅ ပုံစံ၏ လုပ်ငန်းဆောင်ရွက်မှုအားလုံး ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါမဟာဗျူဟာ လုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်သည်။

(က) အေအီးစီသည် စာတမ်းတွင်ပါရှိသော သဘောတူထားသည့် လုပ်ငန်းအားလုံးကို ဆီလျော်ညီညွတ်မှုရှိစေရန် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တွန်းအားပေးခြင်းတို့ကို ပြုလုပ်ပေးရပါလိမ့်မည်။ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီသည် သဘောတူထားသည့် လုပ်ငန်းများ အကောင်အထည်မှုနှင့် ဆက်စပ်၍ ဆီလျော်ညီညွတ်မှု မရှိသည်များကို အလွယ်တကူဖြေရှင်းရာတွင် အကူအညီပေးသည့် အထူးလုပ်ငန်းအဖွဲ့ကိုလည်း ဖွဲ့စည်းပေးသင့်သည်။ မဆီလျော်သည့် ကိစ္စရပ်များ ဖြေရှင်းသည့် အကောင်အထည်ဖော်မှုနှင့် ကြည့်ရှုအကဲဖြတ်ခြင်းတို့တွင် အသုံးဝင်သော လွတ်လပ်ပွင့်လင်းသည့် အမြင်များဖြင့် ထည့်သွင်းစဥ်စားခြင်းနှင့် အထူး အဖွဲ့အစည်း၏ ကိုးကားချက်နှင့် ပေါင်းစပ်ဖွဲ့စည်းခြင်းတို့ကို အေအီးစီကောင်စီမှ ဆုံးဖြတ်ပေးခြင်း

(ခ) မဟာဗျူဟာ လုပ်ငန်းစီမံချက်သည် ၂၀၂၅အေအီးစီပုံစံရှိ မဟာဗျူဟာလုပ်ငန်းစဥ်များ အသုံးပြုရန် အသင့်ဖြစ်သော အဓိကဆောင်ရွက်ရမည့် အစီအစဥ်များ ပေါင်းစပ်ဖွဲ့စည်းမှုကို ဖွံ့ဖြိုးတိုးတက်လာစေပါမည်။ မဟာဗျူဟာ လုပ်ငန်းစဥ်သည် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအသီးသီးကို ထည့်သွင်းစဥ်းစားခြင်းနှင့် ကဏ္ဍတခုချင်းစီ၏ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန်အတွက် အခါအားလျော်စွာ ပြန်လည်သုံးသပ်မည် ဖြစ်သည်။

(ဂ) နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်များကို အသေးစိတ်ပြင်ဆင် အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေစဥ်တွင် အာဆီယံကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများမှ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုများကို ပေါင်းစပ်ဆောင်ရွက်မည်ဖြစ်သည်။

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုများ၊ ကုန်သွယ်မှု ကဲ့သို့သော အခြားကဏ္ဍများတွင်လည်း ပါဝင်လာလိမ့်မည် ဖြစ်သည်။ စည်းမျဥ်းစည်းကမ်းကို အခြေခံသည့် အသိုက်အဝန်း တစ်ခုအဖြစ် မြှင့်တင်နိုင်ရန် အီးဒီအက်စ်အမ် ပရိုတိုကောကို အသုံးပြု၍ အခွင့်အလမ်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထိန်းသိမ်းဆောင်ရွက်ရမည် ဖြစ်သည်။

(င) အေအီးစီ ၂၀၂၅ ပုံစံ၏ ဦးတည်ချက်နှင့် ရည်မှန်းချက်များကို နိုင်ငံတော်၏ ဦးတည်ချက်နှင့် ရည်မှန်းချက်များအဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဓိပ္ပာယ် ဖွင့်ဆို ဆောင်ရွက်မည် ဖြစ်သည်။

(စ) ခိုင်မာသော ဥပဒေများနှင့် သင့်လျော်သော နည်းလမ်းများကို အသုံးပြုခြင်းဖြင့် ထိန်းချုပ်မှုမူဘောင်ကို မြှင့်တင်ခြင်းမှတဆင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် သဘောတူညီမှုစာတမ်းတွင် ပါဝင်သော မဟာဗျူဟာကျသော လုပ်ငန်းစဥ်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အကောင်အထည်ဖော်မှုများအပေါ် အကဲဖြတ်ခြင်း တို့ကို စီမံခန့်ခွဲရပါလိမ့်မည်။ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်၏ ထောက်ပံ့ မှုများနှင့်အတူ ၂၀၂၅ အေအီးစီပုံစံ၏ အကျိုးသက်ရောက်မှုနှင့် ရလဒ်များကို ကြည့်ရှုစစ်ဆေးရမည်။

(ဆ) တိကျပြီး အရေးကြီးသော ကဏ္ဍများပါဝင်သည့် စီးပွားရေးအဖွဲ့အစည်းများ၏ အဆုံးအဖြတ်ချသည့် လုပ်ငန်းစဥ်များတွင် အများဆန္ဒနှင့် လိုက်လျောညီထွေမှု ရှိသည့် နည်းလမ်းများအတွက် အေအီးစီ ၂၀၂၅ ပုံစံမှ ခွင့်ပြုပါလိမ့်မည်။ အများ ဆန္ဒနှင့် မကိုက်ညီသည့်နေရာ (သို့မဟုတ်) ထိရောက်သည့် ဆုံးဖြတ်ချက် ပေါ်ပေါက်လာသည့်အခါ အာဆီယံသည် အာဆီယံ ပဋိညာဥ်ပါ အခန်း (၂၀.၂) ကို အသုံးပြုဖြေရှင်းပါလိမ့်မည်။

(ဇ) Notification Procedures ပေါ်ရှိ ပရိုတိုကောမှတဆင့် အာဆီယံစီးပွားရေး သဘောတူညီချက်များအောက်ရှိ လက်တွေ့ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဥ် များ တိုးတက်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးတို့ကို ၂၀၂၅ အာဆီယံ အေအီး စီပုံစံမှ မြှင့်တင်ပေးပါလိမ့်မည်။

(ဈ) လက်မှတ်ရေးထိုးပြီး(၆)လအတွင်း အာဆီယံဥပဒေကိစ္စရပ်အား အတည်ပြုခြင်း အား အကောင်းဆုံးကြိုးပမ်းမှုများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြည်တွင်းလုပ်ထုံးလုပ်နည်းများအား အဓိက ထား ဆောင်ရွက်ခဲ့ပါသည်။

(ည) ပုဂ္ဂလိကကဏ္ဍ၊ စက်မှုပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ဆွေးနွေးမှုအစီအစဥ်များ ဒေသတွင်းနှင့် နိုင်ငံတော်အဆင့်၏ ပိုမိုကျယ်ပြန့်သည့် အသိုက်အဝန်းတို့သည် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဥ်များတွင် အဖွဲ့ဝင်များအားလုံး ရေရှည် စဥ်ဆက်မပြတ် ပါဝင်ဆောင်ရွက်ကြရန် အလေးပေးတိုက်တွန်းခဲ့ကြပါသည်။

၈၃။ ပူးပေါင်းဆောင်ရွက်မှု နောက်တဆင့်တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ပိုမိုခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားအဖွဲ့အစည်းများနှင့်အတူ နည်းဗျူဟာအရ ပူးတွဲလုပ်ကိုင်မှု အစရှိသော အဖွဲ့အစည်းဆိုင်ရာ အထောက်အပံ့လိုအပ်ပါလိမ့်မည်။

## အာဆီယံအတွင်းရေးမှူးချုပ်ရုံး

၈၄။ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အချိန်မီမှန်ကန်၍ ထိရောက်ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုမှာ လွန်စွာအရေးကြီးပါသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များမှ အတည်ပြုပြဋ္ဌာန်းခဲ့သော Strengthening the ASEAN Secretariat and Reviewing ASEAN organs ပေါ်ရှိ High Level Task Force (HLTF) ၏ ထောက်ခံတင်ပြမှုများနှင့် အစီရင်ခံစာအား အကောင်အထည်ဖော်ခြင်းကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ပြင်းထန်စွာ ကြိုးစားအားထုတ်၍ လုပ်ဆောင်မည်ဖြစ်ပါသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီအတွက် ပြည်ပမှ ကျွမ်းကျင်သူများနှင့် ပြည်တွင်းရှိ အရင်းအမြစ်များအပြင် သင့်တော်သော အဖွဲ့ဝင်များနှင့် အေအီးစီပုံစံ ၂၀၂၅ ပါ ကိစ္စရပ်များ၏ တိုးတက်မှုနှင့် အကျိုးဆက်များအတွက် ဆက်လက်ကြည့်ရှုကွပ်ကဲရန်နှင့် ဝေဖန်အကဲဖြတ်ပေးရန် မျှော်လင့်ခဲ့ပါသည်။

၈၅။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် အဖွဲ့ဝင်အားလုံးဆီသို့ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း နှင့် ၂၀၂၅ခုနှစ် အေအီးစီပုံစံအတွက် သုတေသနဆောင်ရွက်ခြင်းနှင့် ဆက်စပ်မှုရှိပြီး ထောက်ပံ့ပေးနိုင်သော ကနဦးဆောင်ရွက်ချက်များအတွက် အဓိက အခန်းကဏ္ဍတခုအဖြစ် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## အခြားအဖွဲ့အစည်းများ

၈၆။ ASEAN+3 Macroeconomic Research Office (AMRO), World Bank, ADB, ERIA နှင့် OECD ကဲ့သို့ ကန့်သတ်ချက်များမရှိဘဲ အခြားအဖွဲ့အစည်းများသည် ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်မှုများနှင့် ၄င်းတို့၏ ထောက်ပံ့မှုများဖြင့် ၂၀၂၅ အေအီးစီပုံစံရလဒ်ကောင်းများ ရရှိမှုများ အရေးပါသည့် နေရာမှ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

## အရင်းအမြစ်များ

၈၇။ အာဆီယံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အရင်းအမြစ်များအား စုစည်းမှုတွင် အဆင်ပြေလွယ်ကူချောမွေ့စေရန် ဆောင်ရွက်လျက်ရှိပြီး သဘောတူညီထားသည့် AEC Measures များ အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေထောက်ပံ့မှုများ၊ ကျွမ်းကျင်သည့်ပညာရှင်များ၊ စွမ်းဆောင်ရည်မြှင့်တင်ရန် ထောက်ပံ့မှုအားလည်း အကန့်အသတ်မရှိ ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၈၈။ စဥ့်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုများ၊ ကနဦးပေါင်းစည်းရေး ဆောင်ရွက်မှုများ၊ စီမံကိန်းများနှင့် စက်ပစ္စည်းများတီထွင်ခြင်းများအစရှိသည့် ကိစ္စရပ်များတွင် ရန်ပုံငွေများ၊ ကျွမ်းကျင်သည့် ပညာရှင်များနှင့် အသိပညာများ ဖြန့်ဝေခြင်း စသည့်အရင်းအမြစ်များ ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

## ဆက်သွယ်ရေးလုပ်ငန်းများ

၈၉။ လက်ရှိ အာဆီယံဆက်သွယ်ဆောင်ရွက်မှု မဟာလုပ်ငန်းစီမံချက် ဆောင်ရွက်မှုတွင် အာဆီယံသည် ၂၀၂၅အေအီးစီပုံစံအောက်ရှိ သက်ဆိုင်သည့် measures အမျိုးမျိုး အကောင်အထည်ဖော်မှုအပေါ် သတင်းအချက်အလက်များကို စနစ်တကျ ဖြန့်ဝေခြင်းနှင့် ကြိုးစားအားထုတ်မှုကို အရှိန်မြှင့်တင်မည် ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်များမှာ-

(က) အာဆီယံဒေသတွင်းရှိပြည်သူများ စီးပွားရေးကောင်းမွန်လာစေရန်၊ စဉ်ဆက်မပြတ်နှင့် သာတူညီမျှ တိုးတက်မှုများ ရရှိလာစေရန်၊ ဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပါဝင်ကူညီသည့် စီးပွားရေးအသိုက်အဝန်း ပါဝင်သော် အာဆီယံအသိုက်အဝန်း တည်ဆောက်ခြင်း၏ အရေးကြီးမှုကို ပိုမိုနားလည်သဘောပေါက်လာစေရန်အတွက် ဆောင်ရွက်ပေးရမည်

(ခ) အာဆီယံဒေသတွင်းနှင့် အာဆီယံမဟုတ်သောဒေသများမှ လုပ်ငန်းရှင်များအား ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အတွက် ဆောင်ရွက်နေသောနည်းလမ်းများကို ရှင်းလင်းပြရန်နှင့် အာဆီယံမှ ဆောင်ရွက်နေသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပေါ် မှားယွင်းလွဲမှားနေသော အယူအဆများ မရှိစေရန်အတွက် အကြောင်းကြားရမည်

(ဂ) ရရှိလာသော ဒေသတွင်းရှိ ပြည်သူများအကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမှ ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများနှင့် ရလဒ်များအပေါ် ဆက်သွယ်ရေးကွန်ယက်များမှတဆင့် လုပ်ငန်းရှင်များ၏ တုံ့ပြန်ချက်များကိုရယူရန် စသည် တို့ဖြစ်ပါသည်။

၉၀။ အာဆီယံပေါင်းစပ်ယှက်နွယ်မှု မဟာလုပ်ငန်းစီမံချက်ရှိ မဟာဗျူဟာပါဝင်သော measures များအား-

(က) အာဆီယံဒေသတွင်းနှင့် မြင့်မားသော အကျိုးရလဒ်များရှိသည့် အာဆီယံ ဒေသပြင်ပတို့ရှိ formal basis များမှ ရရှိလာသောရလဒ်များ၊ အေအီးစီ တည်ထောင်မှုနှင့် တိုးတက်မှုများကို ချီးကျူးဂုဏ်ပြုရန်

(ခ) အာဆီယံနှင့် အာဆီယံမဟုတ်သော ဒေသများမှ ရင်းနှီးမြှုပ်နှံသူများကို ဦးဆောင်ပြောဆိုနိုင်သူများအဖြစ် မြှင့်တင်ရန်၊ အာဆီယံကနဦးပေါင်းစည်းမှုများကို အလေးထားဆောင်ရွက်ရန်နှင့် အဆိုပါအစပြု လုပ်ဆောင်ခြင်းမှ မည်သည့်စီးပွားရေးလုပ်ငန်းများသည် အကျိုးအမြတ်များရရှိနိုင်ကြောင်း

(ဂ) စီးပွားရေးလုပ်ဆောင်ချက်များနှင့် သက်ဆိုင်သော နောက်ဆုံးရ သတင်းများအား ပုံမှန်ထုတ်ဝေခြင်းများနှင့် အင်တာနက်ဖြင့် ဆက်သွယ်ပြောဆိုနိုင်ခြင်းအခွင့်အလမ်း

များ၊ ပုံနှိပ်ထုတ်ဝေခြင်းနှင့် လူမှုရေးသတင်း မီဒီယာများအပါအဝင် အခြားမီဒီယာ ကွန်ယက်များမှတဆင့် awareness များ ပိုမိုရရှိအောင် ဆောင်ရွက်ရန်

(ဃ) လူငယ်များနှင့် အမျိုးသမီးများကြား နားလည်သဘောပေါက်လာအောင် မြှင့်တင်ရန် ရည်ရွယ်သည့် MSMEs ၏ success stories ပါဝင်သည့် အစီအစဉ်များကို အလေးပေးဆောင်ရွက်ရန်နှင့် MSMEs သည် ၎င်း၏ အဖွဲ့ဝင်များအား လွယ်ကူချောမွေ့စေရန်နှင့် ဒေသတွင်း စီးပွားရေးပေါင်းစည်းဆောင်ရွက်ခြင်းမှ အကျိုးအမြတ်များရရှိအောင် ဆောင်ရွက်ရန်

(င) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများနှင့် အာဆီယံမဟုတ်သော ဒေသများမှ အစိုးရရုံးများကို အာဆီယံအား ပိုမိုအားကောင်းသည့် စီးပွားရေးဒေသအဖြစ် မြှင့်တင်ခြင်းအတွက် အကြိုလှုပ်ရှားမှုအခန်းကဏ္ဍအသွင်ဖြင့် အသုံးပြုရန်တို့ ဖြစ်ပါသည်။

## ပြန်လည်ဆန်းစစ်ခြင်း

အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီသည် ၂၀၂၅ အေအီးစီပုံစံကို သုံးနှစ်တကြိမ် အခါအားလျော်စွာ ပုံမှန် ပြန်လည်သုံးသပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ အာဆီယံစီးပွားရေး ပေါင်းစည်းမှု အဆင့်ကို မြှင့်တင်ခြင်းနှင့်အတူ ၂၀၂၅ အေအီးစီပုံစံ အကောင်အထည်ဖော်ခြင်းမှ ထွက်ပေါ်လာသော စိန်ခေါ်မှုများနှင့် အောင်မြင်မှုများအပါအဝင် ၂၀၁၆-၂၀၂၀ နှင့် ၂၀၂၁-၂၀၂၅ ကာလအတွင်း နှစ်လယ်နှင့် နှစ်ကုန် ဆန်းစစ်ချက်များ၏ ရလဒ်များကို အကဲဖြတ်ခြင်းနှင့် တိုးတက်မှုများကို ကြည့်ရှုစစ်ဆေးရန် ညွှန်ကြားခဲ့ပါသည်။ နှစ်လယ်နှင့် နှစ်ကုန် ဆန်းစစ်ချက်များကို ပုံမှန်စစ်ဆေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း၏ တိုးတက်မှုများကို အစီရင်ခံ တင်ပြခြင်းဖြင့် ပြည့်စုံအောင် ဆောင်ရွက်ရန် ဖြစ်ပါသည်။

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

(၁) အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင်

(၂) အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်

(၃) အာဆီယံအရင်းအနှီးဈေးကွက်အခြေခံအဆောက်အအုံ

(၄) အာဆီယံဆက်သွယ်ရေးမဟာစီမံကိန်း

(၅) အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်

(၆) အာဆီယံစီးပွားရေးအသိုက်အဝန်း

(၇) အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ

(၈) ခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းရှင်များ

(၉)ကုန်စည်များ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ အာဆီယံ မူဘောင်သဘောတူစာချုပ်

(၁၀)နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ သဘောတူစာချုပ်

(၁၁) ပုံစံစုံသယ်ယူပို့ဆောင်ရေးဆိုင်ရာအာဆီယံသဘောတူစာချုပ်

(၁၂) အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင် သဘောတူစာချုပ်

(၁၃) အာဆီယံ-ဟောင်ကောင် လွတ်လပ်သောကုန်သွယ်မှုဒေသ

(၁၄) အာဆီယံအခြေခံအဆောက်အအုံ ရန်ပုံငွေ

(၁၅) အာဆီယံအာမခံပေါင်းစည်းရေးမူဘောင်

(၁၆) အာဆီယံတွင်းထွက်ပစ္စည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက်

(၁၇) အာဆီယံ+သုံး မေခရိုစီးပွားရေးသုတေသနရုံး

(၁၈) စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံရှေ့လုပ်ငန်းစဥ်

(၁၉) သိပ္ပံနှင့် နည်းပညာတီထွင်ဆန်းသစ်မှုရှေ့လုပ်ငန်းစဥ်

(၂၀) အာဆီယံမဟာဓာတ်အားလိုင်း

(၂၁) အာဆီယံအရည်အသွေးဆိုင်ရာ ကိုးကားချက်မူဘောင်

(၂၂) အာဆီယံ တစ်ခုတည်းသော လေကြောင်းဈေးကွက်

(၂၃) အာဆီယံစီးပွားရေးအကြံပေးကောင်စီ

(၂၄) အာဆီယံရင်းနှီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုများနှင့် ကုန်သွယ်မှုအတွက် အဖြေရှာမှုများ

(၂၅) အာဆီယံတစ်ခုတည်းသောသင်္ဘောပို့ဆောင်ရေးဈေးကွက်

(၂၆)ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ကမ္ဘာ့ကုန်သွယ်ရေးသဘောတူစာချုပ်

(၂၇) အာဆီယံကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ပူးတွဲအကြံပေးကော်မတီ

(၂၈) အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်

(၂၉) အာဆီယံ ဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူစာချုပ်

(၃၀) ဘရူးနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင် နှင့်အရှေ့အာရှတိုးတက်မှုဒေသ

(၃၁) ခရီးသည်များ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးလုပ်ငန်း

(၃၂) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီ

(၃၃) ကာဗွန်သန့်စင်နည်းပညာများ

(၃၄) ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်များ

(၃၅) ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ နှင့် ဗီယက်နမ်

(၃၆)တာဝန်ခံမှုရှိသော စီးပွားရေးအဖွဲ့အစည်း

(၃၇) အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာယန္တရားအဆင့်မြင့်တင်ဆောင်ရွက်ခြင်း

(၃၈) အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနအဖွဲ့

(၃၉) စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ

(၄၀) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

(၄၁) ဘဏ္ဍာရေးတည်ငြိမ်မှုဆောင်ရွက်ရေးအဖွဲ့

(၄၂) လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်

(၄၃) ပထဝီဆိုင်ရာဖော်ပြချက်

(၄၄) မဟာမဲခေါင်ဒေသခွဲ

(၄၅) ကောင်းမွန်သောစည်းမျဉ်းများချမှတ်မှုဆိုင်ရာ အလေ့အကျင့်

(၄၆) မျိုးရိုးဗီဇအရင်းအမြစ်များ၊ ရိုးရာဓလေ့ဗဟုသုတအသိပညာများနှင့် ယဉ်ကျေးမှုများ ဖော်ပြချက်

(၄၇) ကမ္ဘာလုံးဆိုင်ရာတန်ဖိုးမြှင့်တင်ခြင်းကွင်းဆက်

(၄၈) အဆင့်မြင့်အရာရှိကြီးများလုပ်ငန်းအဖွဲ့

(၄၉) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု

(၅၀) အာဆီယံကနဦးပေါင်းစည်းရေးအစီအစဉ်

(၅၁) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ

(၅၂) အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့

(၅၃) အင်ဒိုနီးရှား၊မလေးရှား၊ထိုင်းနိုင်ငံတို့၏ သုံးပွင့်ဆိုင်တိုးတက်မှု

(၅၄) အသိဉာဏ်ပစ္စည်းဆိုင်ရာ ပိုင်ဆိုင်မှု

(၅၅) အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်

(၅၆) အရှေ့တောင်အာရှလေ့လာရေးသိပ္ပံ

(၅၇) သန့်စင်သောသဘာဝဓာတ်ငွေ့ရည်

(၅၈) နိုင်ငံပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

(၅၉)လူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရေး

(၆၀) အာဆီယံပေါင်းစပ်ယှက်နွယ်မှုမဟာစီမံကိန်း

(၆၁) အပြန်အလှန်အသိအမှတ်ပြုဆိုင်ရာအစီအစဉ်

(၆၂) အသေးဆုံး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ

(၆၃) ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကျဉ်းမြောင်းစေခြင်း

(၆၄) အကောက်ခွန်နှုန်းမဟုတ်သော ကုန်သွယ်မှုအတားအဆီးများ

(၆၅) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း

(၆၆) မူပိုင်ခွင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်

(၆၇)အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု

(၆၈) ကုန်စည်သီးသန့်စည်းမျဉ်း

(၆၉) အရည်အသွေးပြည့်မီသော အာဆီယံဘဏ်များ

(၇၀) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု

(၇၁)ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု

(၇၂)ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်

(၇၃) ပင်ရင်းဒေသစည်းမျဉ်း

(၇၄) အက်- ရာဂျာရာနမ် အပြည်ပြည်ဆိုင်ရာလေ့လာရေးတက္ကသိုလ်

(၇၅) သိပ္ပံနှင့်နည်းပညာ

(၇၆) အဆင့်မြင့်စီးပွားရေးအရာရှိများအစည်းအဝေး

(၇၇) သိပ္ပံနှင့်နည်းပညာတီထွင်ဆန်းသစ်မှု

(၇၈) ကုန်ပစ္စည်းအမှတ်တံဆိပ်ဥပဒေဆိုင်ရာ စက်ာပူစာချုပ်

(၇၉) အာဆီယံဖြတ်သန်းခါတ်ငွေ့ပိုက်လိုင်း

(၈၀) ကုန်သွယ်မှုဆိုင်ရာနည်းပညာအတားအဆီးများ

(၈၁) လုပ်နည်းသတ်မှတ်ချက်များ

(၈၂) ကမ္ဘာ့အသိဥာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာအဖွဲ့

(၈၃) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့